# ဂျာမနီနိုင်ငံ

# ဗုဒ္ဓသာသနာ နှင့် ဗုဒ္ဓဘာသာ လေ့လာမှုများ



ရေးသူ
ဝုလ်ဖ်ဂန်ရှူးမန်း

လှသမိန်
မြန်မာပြန်သည်

၁၆၁၁၁

# ဂျာမနီနိုင်ငံ
# ဗုဒ္ဓသာသနာ နှင့် ဗုဒ္ဓဘာသာ
# လေ့လာမှုများ

ဒေါက်တာ
ဝုလ်ဖ်ဂန်ရှူးမန်း

(လှသမိန်)
ပြန်ဆိုသည်

ထုတ်ဝေသူ
Mr. Udo Theil
(အနောက်ဂျာမနီ သံရုံး)၊ ရန်ကုန်မြို့။
ဘာသာရေးဆိုင်ရာ စာမူ ပုံနှိပ်ထုတ်ဝေခွင့် မှတ်ပုံတင်အမှတ်(၀၂၁၄)
၁၉၈၂-ခု၊ မေလ (၁၅) ရက်။
ထုတ်ဝေသူ မှတ်ပုံတင် ကင်းလွတ်ခွင့် သက်သေခံလက်မှတ်၊
ကင်းလွတ်ခွင့် အမှတ် (၂၉)
၁၉၈၂ ခုနှစ်၊ မေလ (၁၅)ရက်။

ပုံနှိပ်သူ
ဦးတင်မြ၊ (မြဲ ၀၇၆၉)
ငွေစိလင်း ပုံနှိပ်တိုက်၊
၄၅ ခေမာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။ (ဖုံး ၃၀၇၇၀)
ပထမအကြိမ်
စမ္မဒါန
အုပ်ရေ ၅၀၀

# မာတိကာ


အချီး

## ဗုဒ္ဓဘာသာဆိုင်ရာ ဂျာမန်သုတေသန

(က) အင်္ဂလိပ်—ဂျာမန် လေ့လာရေးဂိုဏ်း
(ခ) လိနင်ဂရက် လေ့လာရေးဂိုဏ်း
(ဂ) ခေတ်သစ် လေ့လာရေးဂိုဏ်း

ကန္တာရ လေ့လာမှုများ

ဂျာမန်တက္ကသိုလ်များတွင် ဗုဒ္ဓဘာသာဆိုင်ရာ မျက်မှောက် လေ့လာမှုများ

ဘာသာအယူ နှိုင်းယှဉ် လေ့လာသူများ၏ ဗုဒ္ဓဘာသာအပေါ် အမြင်

## ဂျာမနီနိုင်ငံတွင် ဗုဒ္ဓဘာသာ ကြိုးပမ်းမှုများ

ကနဦးအစ
ပထမဂျာမန် ရဟန်းတော်များ
အဖွဲ့အစည်းသစ်များ
စစ်ကြီးနှစ်ပွဲအတွင်း ကြားကာလ
ဒုတိယ ကမ္ဘာစစ်
ပြန်၍ အသစ်စကြရခြင်း
ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့များနှင့် ဗဟိုဌာနများ
ဂျာမန် ဗုဒ္ဓဘာသာဝင်များနှင့် အာရှ ဗုဒ္ဓသာသနာပြု လုပ်ငန်း

# အချီး

ဗုဒ္ဓဘာသာဆိုင်ရာ သုတေသနလုပ်ငန်းရပ်များနှင့် ဗုဒ္ဓဘာသာလှုပ်ရှားမှုများမှာ နိုင်ငံတကာနှင့်ပတ်သက်သည်ဖြစ်ရာ ဤစာတမ်းတွင် အခြားနိုင်ငံသား ပညာရှင်အချို့ကို မလွှဲမသွေ ကိုးကား ထုတ်ဆောင် ပြထားပေသည်။ ဤသို့ စာတမ်းသဘောအရ လိုအပ်သလို ထောက်ထား ဖော်ပြရသဖြင့် ရွေးထုတ်မှုမှာ စနစ်တကျ မရှိလှပေ။ ထို့ကြောင့် စာရှုသူသည် မိမိနိုင်ငံမှ ထင်ရှားသော ဗုဒ္ဓဘာသာဝင် ပညာရှင်ကြီးများကို ဖော်ပြခြင်း မပြုမိခဲ့လျှင် ခွင့်လွှတ်ပါရန် ပန်ကြားလိုပေသည်။ ဂျာမန် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ကြီးများနှင့် သုတေသီ အားလုံးကိုပင် ဖော်ညွှန်းနိုင်ခြင်း မရှိသဖြင့် နှစ်သိမ့်နိုင်ဖွယ်ရာ ရှိပေလိမ့်မည်။ ဗုဒ္ဓဘာသာ အကြောင်းရပ်နှင့် ပတ်သက်သော အခြား ဂျာမန် စာအုပ်စာတမ်း ရာပေါင်း များစွာတို့က ဖော်ပြကြရန်သာ ရှိပေလိမ့်မည်။

စာရေးသူသည် ဂျာမန် စာတမ်းခေါင်းစဉ်များနှင့် အသင်းအဖွဲ့များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆို ဖော်ပြထားပေသည်။ (မြန်မာဘာသာသို့တဆင့် ပြန်ဆိုဖော်ပြထားပေသည်။) ဂျာမန်ဘာသာ တတ်ကျွမ်းသူများသည် ယင်းစာတမ်းခေါင်းစဉ်များကို ပကတိအတိုင်း ပြန်ဆို နိုင်ကြပေလိမ့်မည်။ ဂျာမန်ဘာသာ မတတ်ကျွမ်းသူများအဖို့လည်း ထပ်တူ စကားလှယ်ဖြစ်သော မျာမန် ဝေါဟာရကို မလွတ်တမ်း တွေ့မြင်နိုင်စရာ ရှိပေသည်။

ဤစာတမ်း စာမျက်နှာများတွင် "ဟီနယာန" ဟူသော စကားလုံးကို ကြိမ်ဖန်များစွာ တွေ့မြင်ရပေလိမ့်မည်။ ယင်းမှာ မဟာယာန ဂိုဏ်းသားတို့က ခေါ်တွင်သော အမည်ဖြစ်၍ မူလက နှိမ့်ချသော လေသံပါရှိခဲ့ပေသည်။ သို့ရာ

## အချီး

တွင် အနောက်တိုင်း ပြုစုချက်များကို ဖော်ပြရာတွင် ခံသာသော စကားလုံးကို သုံးစွဲ၍ မဟာယာနဂိုဏ်း မတိုင်မီ ဂိုဏ်း ၁၈ ဂိုဏ်းစလုံးကို ဖော်ညွှန်းထားရာ ယင်းတို့တွင် ထေရဝါဒဂိုဏ်းသည် အရေးအပါဆုံးပင် ဖြစ်ပေသည်။

ဤစာတမ်းနှင့်ပတ်သက်၍ ပုဂ္ဂိုလ်ကြီးနှစ်ဦးက အဖိုးတန်လှသော အကူအညီများ ပေးခဲ့ပေသည်။ ဟမ်းဘတ်မြို့ ဂျာမန် ဗုဒ္ဓဘာသာ သမဂ္ဂ ဥက္ကဋ္ဌ ဖြစ်သော မစ္စတာ မတ်စ်ခ်ိဂလပ်စ်ဟော့ဖ်သည် ဂျာမန်ဗုဒ္ဓဘာသာ ဆောင်ရွက်မှုများ၏ အတွင်းသတင်းနှင့် ဓာတ်ပုံအချို့ကို ထောက်မသည့်ပြင် အလွန်အသုံးဝင်သော အကြံဉာဏ်များကိုလည်း ပေးခဲ့ပေသည်။ အမည် မဖော်လိုသော မြန်မာ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ကြီးတဦးကလည်း ဤစာတမ်း မူကြမ်းကို ဖတ်ရှု၍ အင်္ဂလိပ်ဘာသာကို ပို၍ အင်္ဂလိပ်ဆန်အောင် ကြိုးပမ်း ကူညီပေးခဲ့ပေသည်။ ဤကူညီမှုများကို ဝမ်းမြောက်အားရစွာဖြင့် ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပေသည်။

ဟန်စ်ဂုလ်ဖ်ဂန်ရှူး မန်း

# စာရေးသူ

ဟန်းစ်ဝုလ်ဖ်ဂန်ရှူးမင်းကို ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ ဒူဆဲလ်ဒေါ့ဖ်မြို့တွင် ၁၉၂၈ ခုနှစ်၌ ဖွားမြင်သည်။ အခြေခံပညာနှင့် တက္ကသိုလ်အကြိုပညာသင်ကြားမှု (၁၉၄၈)ကို ရယူပြီးနောက် သတင်းစာဆရာ အဖြစ်ဆောင်ရွက်၍ ထိုနောက်တွင် ပုံနှိပ်ထုတ်ဝေရေး တိုက်တခုတွင် နှစ်နှစ်တာ အလုပ်သင်အဖြစ် လုပ်ကိုင်သည်။ ၁၉၅၁ ခုနှစ်တွင် သက္ကတ၊ ပါဠိနှင့် ဘာသာ အယူဝါဒ နိုင်းယှဉ် လေ့လာမှု ပညာရပ်၊ လူ့မနုဿဗေဒပညာရပ်များကို ဘွန်း တက္ကသိုလ်တွင် သင်ကြား ဆည်းပူးကာ ၁၉၅၇ ခုနှစ်တွင် "ခေတ်စော ဗုဒ္ဓဘာသာမှ သခ်ါရဟူသော ဝေါဟာရအဓိပ္ပာယ်" ခေါင်းစဉ် ဖြင့် စာတမ်းတင်ကာ ဒေါက်တာ(ပါရဂူ)ဘွဲ့ကို ရရှိခဲ့ပေသည်။

၁၉၅၇ ခုနှစ် နောက်ပိုင်းတွင် ထုတ်ကုန်ဂျာနယ်တစောင်တွင် အယ်ဒီတာအဖြစ် ၁၉၆၀ ပြည့်နှစ်အထိ ဆောင်ရွက်၍ အိန္ဒိယနိုင်ငံ ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်တွင် ကထိကအဖြစ် ဆောင်ရွက်ရန် ထွက်ခွာ သွားရောက်သည်။ ဗာရာဏသီတွင် နှစ်နှစ်တာ သွားရောက်စဉ် ဗုဒ္ဓဘာသာ ဒဿနကျမ်းကိုပြုစု၍ ဗုဒ္ဓသာသနိက ဌာနကြီးလေးခုသို့ ဘုရားဖူး ထွက်ခဲ့ပေသည်။ ၁၉၆၃ ခုနှစ်တွင် ကလကတ္တားရှိ ဂျာမန် ကောင်စစ်ဝန်ချုပ် ရုံးတွင် ပြန်ကြားရေးဆိုင်ရာ အရာရှိအဖြစ် ခန့်ထားခြင်း ခံရပေသည်။ ၁၉၆၈ မှ ၁၉၇၁ ခုနှစ်အထိ ရန်ကုန်မြို့ ဂျာမန်သံရုံးတွင် ပြန်ကြားရေးနှင့် ယဉ်ကျေးမှု သံအရာရှိအဖြစ် ထမ်းဆောင်ခဲ့လေသည်။ ထို့နောက် အမေရိကန်နိုင်ငံ ချီကာဂိုမြို့ ဂျာမန် ကောင်စစ်ဝန်ချုပ်ရုံးတွင် ယဉ်ကျေးမှု သံအရာရှိအဖြစ် ဆောင်ရွက်၍ ယခုအခါ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင် ဆောင်ရွက်လျက် ရှိပေသည်။

ရှူးမင်းသည် ကာလကတ္တားမြို့ရှိ အိန္ဒိယ အစိုးရ၏ သက္ကတ၊ တက္ကသိုလ် ဂုဏ်ထူးဆောင် အဖွဲ့ဝင်တဦး ဖြစ်လေသည်။



၁။ ဟာမန်းအိုလ်ဒင်ဘတ်(၁၈၅၄-၁၉၂၀)ဂိုတင်ဂျင်တက္ကသိုလ် ပါမောက္ခဖြစ်၍ ၁၈၈၁ ခုနှစ်တွင် ပါဠိ အထောက်အထားကို စနစ်တကျ အသုံးပြု၍ ဗုဒ္ဓ၏ သမိုင်းဖြစ်ရပ် မှန်ကန်ကြောင်းကို အခိုင်အမာပြဆိုခဲ့သည်။



၂။ ပါမောက္ခ လုဒ်ဝစ်ဝီလ်ဟိမ်းဂိုက်ဂါ(၁၈၅၆-၁၉၄၃)သည် ဂျာမနီနိုင်ငံ၏ အထင်ရှားဆုံးသော ပါဠိ ပညာရှင် ဖြစ်သည်။ သူသည် သီဟနုဘာသာစကားကိုလည်း လေ့လာပြုစုပေသည်။



၃။ အရှင်ဉာဏတိလောက (၁၈၇၈-၁၉၅၇) သည် ရဟန်းဘောင်သို့ ဝင်ရောက်သော ဒုတိယဥရောပတိုက်သားနှင့် ပထမဂျာမန်အမျိုးသားဖြစ်သည်။ ၁၉၀၃ ခုနှစ်တွင် ရန်ကုန်မြို့၌ ဥပသမ္ပဒါကံဆောင်သည်။ ၁၉၁၁ ခုနှစ်တွင် သီရိလင်္ကာ၌ ပိုလ်ဂါစ်ဒူဝကျွန်းမြတ်ရိပ်သာကို ထူထောင်ခဲ့ရာ ယခုတိုင် ဂျာမန်ရဟန်းတော်များစွာ သီတင်းသုံးရာ ဖြစ်သည်။



ပုံ(၄)။ (Seidenstuecker)

ခတ်(လ်)ဇိုက်ဒင်ရှတူကာ (၁၈၇၆-၁၉၃၆)

၁၉၀၀ ခုမှ ၁၉၃၀ ခုနှစ်များတွင် ဗုဒ္ဓဓမ္မကိုဖြန့်ချိရာ၌ တက်ကြွစွာ ဆောင်ရွက်နိုင်ဆုံးသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ပါဠိတော်ကျမ်းအချို့ကို ဘာသာပြန်ခဲ့သည်။ မြန်မာပြည်၏ ဗုဒ္ဓဘာသာ ရှေးဟောင်းသုတေသနနှင့် ပတ်သက်သော ကျမ်းများကိုလည်း ပြုစုခဲ့ပါသည်။



ပုံ (၅)။ ( **Schmidt** )

ရှမစ်(ထ်)(၁၈၇၉) သည် ၎င်း၏ပါဠိတော် ဘာသာပြန်ကျမ်းများအားဖြင့်၎င်း၊ ထေရဝါဒဆိုင်ရာ ကျမ်းဂန်များအားဖြင့်၎င်း၊ ဗုဒ္ဓဓမ္မကိုစိတ်ဝင်စားသူတိုးပွားလာအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။



၆။ မတ်ခ်စ်ဂေါလက်ဆာ (၁၈၇၄-၁၉၅၄) ခေတ်သစ်လေ့လာရေးဂိုဏ်းကို လိုက်ခဲ့သော ပထမဆုံး ဂျာမန်အမျိုးသားဟု ဆိုနိုင်သူဖြစ်သည်။ ဟိုက်ဒဲလ်ဘတ်တက္ကသိုလ် ပါမောက္ခ ဖြစ်သည်။



၇။ ပါမောက္ခဟဲလ်မွတ်ဗွန်ဂလက်ဆင်နက်ပ်(၁၈၉၁-၁၉၆၃)
တူဘင်ဂျင် တက္ကသိုလ်ပါမောက္ခဖြစ်၍ သုတေသန လုပ်ငန်းတွင်
ဗုဒ္ဓဘာသာကို အဓိကထားခဲ့သည်။



၈။ ၁၉၅၇ ခုနှစ်တွင် အရှင်ဉာဏတိလောက မဟာထေရ် ပျံလွန်တော်မူပြီးနောက် သီရိလင်္ကာဒါယကာများက အမှတ်တရ အထိမ်းအမှတ် တည်ထားခဲ့ကြသည်။ သပိတ်၊ သင်္ကန်းနှင့် မင်အိုး အပြင် ဓမ္မစကြာပုံကို အမှတ်လက္ခဏာဖော်ထားသည်။ ကမ္ပည်း စာကို ပါဠိဘာသာ၊ သီဟနိုဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဂျာမန် ဘာသာတို့နှင့်ရေးထိုးထားသည်။




၉။ အနောက်ဘာလင်၊ ဘာလင်ဖရိုနောတွင် ၁၉၂၄ ခုနှစ်က ဆရာဝန် ဒေါက်တာ ပေါလ်ဒါလ်ခေ တည်ဆောက်ခဲ့သည့် ဗုဒ္ဓဘာသာဂေဟာ။ ဂျာမန်ဓမ္မဒူတ အသင်းက ၁၉၅၂ ခုနှစ်တွင် ဝယ်ယူ၍ ဂျာမန်ဗုဒ္ဓဘာသာ အချက်အချာဌာနအဖြစ် ဖွင့်လှစ်ခဲ့ပြန်သည်။



၁၀။ ဘာလင်ဖရိုနောရှိ ဒေါက်တာ ဒါလ်ခေ၏ ဗုဒ္ဓဘာသာ ဂေဟာ။ ဂျာမန်ဓမ္မဒူတအသင်းကဝယ်ယူပြီးနောက် ချဲ့ထွင်မွမ်းမံ ပြင်ဆင်ခဲ့သည်။ လက်ျာဘက်ရှိ အာရှပုံစံ အဆောက်အဦမှာ ကမ္မဋ္ဌာန်းနှင့် တရားရိပ်သာခန်းမဖြစ်သည်။ လက်ဝဲဖက်ရှိ အဓိက အဆောက်အဦမှာ ပိဋကတ်တိုက်နှင့် ရဟန်းတော်များ သီတင်း သုံးရာဖြစ်သည်။



၁၁။ ဗုဒ္ဓဘာသာဂေဟာ၏ ပိဋကတ်တိုက်ကို ကျနစွာ ဖြည့်တင်းထား၍ အင်္ဂလိပ်ဂျာမန် ဗုဒ္ဓကျမ်းစာများသာမက၊ သီရိလင်္ကာ၊ မြန်မာ၊ ထိုင်းနှင့် ကမ်းပူးချားတို့မှ ပိဋကတ်ကျမ်းများကိုပါ ပူဇော်ထားရှိသည်။ အနောက်ဘာလင်သား များသာမက၊ ဘာလင်သို့ လာရောက်ကြသူများလည်း ဗုဒ္ဓဘာသာဂေဟာသို့ ဝင်ရောက် လေ့လာကြ၍ ဗုဒ္ဓဘာသာကို ဦးစွာ ထိတွေ့ခွင့်ရကြသည်။



၁၂။ ၁၉၆၁ ခုနှစ်တွင် ဂျာမန် ဗုဒ္ဓဘာသာဝင်များသည် (ဟမ်းဘတ်အနီး)ရိုစ်ဘုတ်၌ ကျေးလက်ဂေဟာတလုံးကို ရရှိကြ၍ "ဆိတ်ငြိမ်ဂေဟာ" အဖြစ် ထူထောင်ခဲ့ကြရာ ဂျာမန်၏ ပထမဆုံး ကမ္မဋ္ဌာန်းရိပ်သာ ဖြစ်ခဲ့သည်။ လစဉ်ဗုဒ္ဓဘာသာတရား ဆွေးနွေးပွဲနှင့် သင်တန်းများကို ယနေ့အထိ အကြိမ် (၁၂၀) ကျော် ကျင်းပခဲ့သည်။



၁၃။ ရို့စ်ဘတ် "ဆိတ်ငြိမ်ဂေဟာ" ပတ်လည်ရှိ ရေကန်နှင့် ပန်းခြံ၊ ဂျာမနီနိုင်ငံမြောက်ပိုင်း သာယာသော ကျေးလက်ဒေသတွင် တည်ရှိသည်။



၁၄။ ရို့စ်ဘတ် "ဆိတ်ငြိမ်ဂေဟာ" ရှိ ကမ္မဋ္ဌာန်းဆောင်။ ဂျာမန်ထေရဝါဒီ အများစုသည် သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကို အားထုတ်ကြသည်။ "ဆိတ်ငြိမ်ဂေဟာ" သည် အာရှ နိုင်ငံများမှ ရဟန်းတော်များကို ပင့်ဆောင်၍ ကမ္မဋ္ဌာန်းပြစေသည်။



၁၅။ အရှင်လာမာအနာဂါရိကဂေါဝိန္ဒ (၁၈၉၈ခုနှစ်ဖွား)သည် တိဗက် ကာဂယွတ်ပဂိုဏ်းဝင် ဖြစ်၍ အရိယမိတ္တေယျမဏ္ဍလ၊ မဟာယာနအဖွဲ့၏ဦးစီးနာယကဖြစ်သည်။ အိန္ဒိယနိုင်ငံ အဲလ်မိုရာတွင် သီတင်းသုံးသည်။



၁၆။ ရို့စ်ဘတ် ကမ္မဌာန်းဆောင်တွင် ကိန်းဝပ်သော
မြန်မာ့နိုင်ငံ၏ ကောင်းမှု ရုပ်ပွားတော်။

# ဂျာမနီနိုင်ငံ ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓဘာသာ လေ့လာမှုများ

### ဗုဒ္ဓဘာသာဆိုင်ရာ ဂျာမန်သုတေသန

ဂျာမနီနိုင်ငံတွင် ပထမဆုံးသော သက္ကတနှင့် အိန္ဒိယဗေဒပညာရပ်ဆိုင်ရာ ဌာနကို ဘွန်းတက္ကသိုလ်တွင် ၁၈၁၈ ခုနှစ်၌ စတင် ဘူထောင်ခဲ့ပေသည်။ ယင်းဌာန၏ ပထမဆုံးပါမောက္ခမှာ ဂျာမန်ဘာသာစကားပြောဆိုသော နိုင်ငံများတွင် ရှိတ်ဖေးယား၏စာပေများကို နိုင်နင်းစွာဘာသာပြန်ဆိုနိုင်သူအဖြစ် ကျော်ကြားလှသော ဩဂုတ်စ်ဝီလ်ဟိမ်းဗွန်ရှလီဂဲလ် (၁၇၆၇–၁၈၄၅) ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်၏ "အိန္ဒိယဒဿနပညာရပ်၏ မျက်မှောက်အခြေအနေ" အမည်ရှိစာအုပ်(၁၈၁၉)ဖြင့် ဂျာမန်ဘာသာ အိန္ဒိယဗေဒကို သိပ္ပံအခြေခံ ထူစိုက်နိုင်ခဲ့ပေသည်။

အိန္ဒိယဗေဒပညာရပ်နှင့် ပတ်သက်၍ ပါမောက္ခဌာနများကို အခြားသော ဂျာမန်တက္ကသိုလ် အချို့ကလည်း လိုက်ပါထူထောင်ခဲ့ကြပေသည်။ ၁၈၅၆ ခုနှစ်တွင် တူဘင်ဂျင် ၁၈၆၂ ခုနှစ်တွင် ဂိုတင်ဂျင်၊ ၁၈၆၇ ခုနှစ်တွင် မြူးနစ်တက္ကသိုလ်များတွင် အသီးသီးဖွင့်လှစ်ခဲ့ပေသည်။ ယခု(၁၉၇၂ ခုနှစ်)ကာလတွင် ပြည်ထောင်စုဆမ္မတဂျာမနီနိုင်ငံရှိ လုပ်ငန်းနည်းပညာရပ်နှင့် မဆိုင်သော တက္ကသိုလ် ၂၆ ခုအနက်၊ ၁၇ ခုတွင် အိန္ဒိယ ဒဿနပညာနှင့် အိန္ဒိယဝေါဟာရဗေဒပညာရပ်တို့တွင် ပါမောက္ခဌာနများ ဖွင့်လှစ်ထားပေသည်။ ယင်းတက္ကသိုလ် ၁၇ ခုလုံးတွင် ပါဠိဘာသာကို သင်ကြားပေသည်။

မည်သို့ပင်ဖြစ်စေ အိန္ဒိယဗေဒပညာရှင်အားလုံးသည် အိန္ဒိယဗေဒ ပညာရပ်အားလုံးတွင် စိတ်ဝင်စားကြသည် မဟုတ်ပေ။ အချို့က သဒ္ဒါနှင့် အင်ဒို–ဂျာမန်ဘာသာစကားများ နှိုင်းယှဉ်လေ့လာမှုစသည့် ဝေါဟာရဗေဒ လုပ်ငန်းရပ်များတွင် အထူးလိုက်စားကြပေသည်။ အချို့က ဝေဒကျမ်းများ နှင့် ဥပနိသျှတ်ကျမ်း၊ အချို့က ရာမာယဏနှင့် မဟာဘာရတ ကဗျာများ၊ အချို့က ဟိန္ဒူဘာသာဂျိန်းနှင့် သံခယဒဿနပညာများ၊ အချို့က ကာဂျ

သို့မဟုတ် အိန္ဒိယပြဇာတ်၊ အချို့က ဥပဒေနှင့် နိုင်ငံရေးစာပေနှင့် အချို့က ခေတ်သစ်အိန္ဒိယနှင့် အရှေ့တောင်အာရှဘာသာစကားနှင့် စာပေတို့ကို အသီးသီး အထူးပြုလေ့လာကြပေသည်။ ထိုကြောင့် ထိုပုဂ္ဂိုလ်များကို ဤစာတမ်းတွင် ဆက်စပ် ဖော်ပြခြင်း မပြုနိုင်ပေ။ သို့ရာတွင် အော်တိုဗွန်ဘိုအက်လင့်ခ် (၁၈၁၅-၁၉၀၄)၊ ရုဒေါ်ဗွန်ရို့သ်(၁၈၂၁-၁၈၉၅)၊ ဖရိုက်ဒရစ်မတ်စ်မီမူလာ (၁၈၂၃-၁၉၀၀)၊ ပေါလ်ဒူဆင်(၁၈၄၅-၁၉၁၉)၊ ဟာမန်းဂျော့ဂျကိုဘီ(၁၈၅၀-၁၉၃၇)၊ ရစ်ချက်ကာလ်ဗွန်ဂါဘီ(၁၈၅၇-၁၉၂၇) ဟာမန်းဝဲလာ(၁၈၇၈-၁၉၅၆) နှင့် ဟိန်းရစ်ချိဇင်မာ(၁၈၉၀-၁၉၄၃) စသော ပုဂ္ဂိုလ်ကြီးများမှာကား အိန္ဒိယပေဒပညာရပ်တွင် အနောက်တိုင်း၌ တံခွန်စိုက်သူများ ဖြစ်ပေသည်။ ဗုဒ္ဓဘာသာလေ့လာမှုများတွင် အားသွန်ခွန်စိုက် အားထုတ်လုံ့လပြုကြသူဦးရေမှာလည်း အားတက်ကျေနပ်ဖွယ်ပင် ဖြစ်ပေသည်။

ဗြိတိန်၊ ပြင်သစ်၊ ဘဲလ်ဂျီယန်၊ ဟော်လန်၊ အီတလီ၊ ဒိန်းမတ်၊ ပိုလန် စသော အနောက်နိုင်ငံများနှင့် အမေရိကန်အပြင် ၁၉၀၀ နှင့် ၁၉၃၅ အကြားတွင် ဆိုဗီယက်ပြည်ထောင်စုတို့မှလည်း ဗုဒ္ဓဘာသာလေ့လာမှုတွင် ထူးချွန်သောပညာရှင်ပုဂ္ဂိုလ်ကြီးများ ပေါ်ထွက်ခဲ့သည်ကို မဖော်ပြပဲ မနေသာပေ။ အချိန်ကာလအသီးသီးတွင် နိုင်ငံတခုစီက ဗုဒ္ဓဓမ္မကို ဦးဆောင်လေ့လာခဲ့ကြသည်မှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်၍ ၁၉၃၀ ခု နှစ်လွန်ပိုင်းတွင်မှ လူမျိုးစုံပါဝင်သော ခေတ်သစ်လေ့လာရေးဂိုဏ်း ပေါ်ပေါက်လာ၍ ထေရဝါဒ၊ မဟာယာနနှင့် တန္တရယာန ဗုဒ္ဓဘာသာသုံးမျိုးလုံးကို အညီအမျှ အလေးအနက်ထား၍ လေ့လာခဲ့ကြပေသည်။

သီးခြားဂိုဏ်းများကို ဝိသေသပြု၍ ဖော်ပြချက်များ ပေါ်ထွက်မလာမီ ကာလစောစောကပင် ကာလ်ဖရိုက်ဒရစ်ကိုအက်ပင်၏ "ဗုဒ္ဓဘာသာကိုးကွယ်ရာ" (၁၈၅၇-၅၉) ကို ရိုက်နှိပ်ထုတ်ဝေခဲ့၍၊ ယင်းသည် ဗုဒ္ဓဝါဒကို ဂျာမန်တို့ပညာရပ်သဘောဖြင့် စတင်လေ့လာမှုကဏ္ဍကို ဖွင့်လှစ်ခဲ့ပေသည်။ ယင်းကျမ်း၏ ပကာမကဏ္ဍတွင် အားမကိုးလောက်သော၊ မပြည့်စုံသော အကောက်

အထားများကို အခြေခံပြုထားသည့် ထေရဝါဒ အခြေခံလမ်းကြောင်းနှင့် ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓဝင်ကို ဖော်ပြထားပေသည်။ (၁၈၅၇ ခုနှစ် လောက်တွင် အခြားအထောက်အထား အခိုင်အလုံမရနိုင်ကြသေးပေ။) ယခု အခါတွင် ပထမတွဲကို ခေတ်မမှီတော့ဟု သဘောထားပေသည်။ သို့ရာတွင် ဒုတိယတွဲမှာ လာမာဝါဒနှင့် ပတ်သက်သဖြင့် ယခုတိုင် မှီငြမ်းစာအုပ်အဖြစ် အသုံးပြုနေကြပေသေးသည်။

ဆွစ်အမျိုးသား အိန္ဒိယဗေဒပညာရှင် ကွန်စတန်တင်ရီဂါမေသည် ဗုဒ္ဓ အဘိဓမ္မာနှင့်ပတ်သက်၍ ဂျာမန်ဘာသာဖြင့် ကျမ်းညွှန်းလက်စွဲငယ်(ဘန်းမြို့၊ ၁၉၅၀)ကို ပြုစုထုတ်ဝေခဲ့ရာတွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော ဥရောပ၊ အမေရိကန် စာအုပ်စာတမ်းများစွာကို ခွဲလေ့လာရေး ဂိုဏ်းသုံးမျိုးခွဲခြား၍ ဖော်ပြခဲ့ရာ၊ သူ၏အာဘော်အရ ယင်းလေ့လာရေးဂိုဏ်းများမှာ....

(က) အင်္ဂလိပ်-ဂျာမန်လေ့လာရေးဂိုဏ်း

(ခ) လီနင်ဂရက်လေ့လာရေးဂိုဏ်းနှင့်

(ဂ) ခေတ်သစ်လေ့လာရေးဂိုဏ်းဟူ၍ ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ဤအစီအစဉ်အတိုင်းပင် စွဲလိုက်လိုပေသည်။ သို့ရာတွင် ကျမ်းနှင့်အမည်များစွာ တိုးဖြည့်ရပေလိမ့်မည်။

## (က) အင်္ဂလိပ် - ဂျာမန် လေ့လာရေးဂိုဏ်း

ဤဂိုဏ်းမှ ပညာရှင်များ၏ ယေဘုယျသဘောလက္ခဏာမှာ ယင်းတို့၏ သုတေသနကို ပါဠိပိဋကတ်ကိုသာ လုံးဝအခြေခံပြုခြင်းပင်ဖြစ်၍ ယင်းအတွက် ၁၈၈၁ ခုနှစ်တွင် လန်ဒန်ပါဠိကျမ်းစာအသင်းကို ထူထောင်ခဲ့သော အင်္ဂလိပ် အမျိုးသား တီ၊ ဒဗလျူရီးစ်ဒေးဗစ်(၁၈၄၃-၁၉၂၂)၏ နှစ်သက်မြတ်နိုးဖွယ်

သော ကျမ်းများကို အသုံးပြုကြရ၍ အဖွင့်ဋီကာများကိုလည်း လက်လှမ်းမှီကြပေသည်။

ထိုဂိုဏ်းဝင်ပညာရှင်များသည် အဘိဓမ္မာပိဋကတ်ကိုမူ ရှေးကျသော ပိဋကတ်နှစ်ပုံပါ ဗုဒ္ဓပါဠိစနမျာနှင့် အပြည့်အဝအဘော်မတူညီဟု သဘောထားကြ၍ စိတ်ဝင်စားမှု နည်းပါးကြပေသည်။ အင်္ဂလိပ်-ဂျာမန်လေ့လာရေးဂိုဏ်း၏ထူးခြားထင်ရှားသော ပြုစုရေးသားချက်မှာ ဟာမန်းအိုလ်ဒင်ဘာတ်၏ "ဗုဒ္ဓရှင်တော်မြတ်၏ဘဝ၊ ဓမ္မနှင့်သံဃာ" အမည်ရှိကျမ်းပင်ဖြစ်၍ ၁၈၈၁ ခုနှစ်တွင် ထုတ်ဝေလေသည်။ ယင်းကျမ်း ဂျာမန်ဘာသာမူကို အိုလ်ဒင်ဘာတ်သည် အကြိမ်ကြိမ်ပြန်လည်ပြင်ဆင်၍(၁၄)ကြိမ် ပုံနှိပ်ထုတ်ဝေရလေသည်။

အိုလ်ဒင်ဘာတ် (၁၈၅၄—၁၉၂၀) သည် ဗုဒ္ဓဘာသာဆိုင်ရာကျမ်းကို ပါဠိအထောက်အထားကို လုံးဝအခြေခံ၍ ပြုစုသော ပထမဆုံးပုဂ္ဂိုလ်ဖြစ်၍ ၎င်းပုဂ္ဂိုလ်သည်ပင် ပြင်သစ်ပညာရှင်တယောက်က ဟင်ပြခဲ့သော "ဗုဒ္ဓဝင်သည် နေကိုးကွယ်မှုဆိုင်ရာ ဒဏ္ဍာရီမျှဖြစ်၍ ဗုဒ္ဓသည် နေကိုကိုယ်စားအသက်သွင်းပြထားသည့် တင်စားချက်သာဖြစ်သည်" ဟူသော သီဝရီကို လုံးဝ ဖြိုခွင်းချေဖျက်ပြီးနောက် ဗုဒ္ဓဝင်၏ တိကျသော သမိုင်းမှတ်တမ်းအစစ်အမှန်အဖြစ်ကို သံသယကင်းလောက်အောင် သာဓကထုတ်ဖော်ခဲ့သူဖြစ်ပေသည်။ အိုလ်ဒင်ဘာတ်သည် ပါဠိကျမ်းစာအသင်းအတွက် ဝိနယပိဋက(၅ တွဲ၊ ၁၈၇၉-၁၈၈၃) နှင့် ထေရာဂါထာ ထေရီဂါထာ(၁၈၈၃)တို့ကို တည်းဖြတ် ထုတ်ဝေပေးခဲ့ပေသည်။ ထိုမျှသာမက ပါတိမောက္ခကို ဂျာမန်ဘာသာသို့ပြန်ဆိုပြီး "ဥပနိသျှတ်သင်ယူခြင်းနှင့် ဗုဒ္ဓဝါဒ၏အစ" ကျမ်း(၁၉၁၅) ကိုလည်း ပြုစုခဲ့ပေသည်။ သူပြုစုခဲ့သည့် ဗုဒ္ဓသုတ္တန်များအနှစ်စုကျမ်း (ဂျာမန်ဘာသာ) ကို သူကွယ်လွန်ပြီးနောက် ၁၉၂၂ ခုနှစ်တွင်မှ ထုတ်ဝေနိုင်ခဲ့ပေသည်။

အိုလ်ဒင်ဘာတ်၏ လေ့လာစူးစမ်းနည်းကို ဆက်လက် ခံယူကြသည့် အနစ်စ်တဝင်းဒစ်ရှ်(၁၈၄၄-၁၉၁၀)၏ "ဗုဒ္ဓနှင့်မာရ်နတ်" အမည်ရှိ ကျမ်းများမှာလည်း ကျယ်ပြန့်စွာ ထုတ်ဝေခဲ့ရပေသည်။ ဟာမန်းဘက်ခ်

(၁၈၇၅-၁၉၃၇) က "ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ" အမည်ရှိ ဗုဒ္ဓဘာသာဆိုင်ရာကျမ်း (၁၉၁၆)သည် ဓမ္မကို ယောဂတမျိုးဟု သဘောထား၍ အိုလ်ဒင်ဘတ်တင်ပြခဲ့သော ဥပနိသျှတ်နှင့် ဗုဒ္ဓဓမ္မဆက်စပ်မှု သဘောအယူအဆကို ချေဖျက်ရန် အားထုတ်ခဲ့ပေသည်။ ဗုဒ္ဓဓမ္မ၏ အခြေခံကို ဟိန္ဒူဒဿနမှ သံခယယောဂ အခြေခံများအထိ လမ်းသွယ်ပြရန် ကြိုးပမ်းခဲ့ပေသည်။ ပြည်သူမျှတို့ ဤအယူအဆဖက်မှ ဆက်လက်ရပ်တည်ကာကွယ်ခြင်း မပြုကြတော့ပေ။

ဂျာမန်ပါဠိဝေါဟာရဗေဒပညာရပ်တွင် ဘိုးအေဆိုလောက်သူကား ဝီလ်ဟိန်းဂိုက်ဂါ(၁၈၅၆-၁၉၄၃)ဖြစ်ပေသည်။ ၁၈၉၅ ခုနှစ်တွင် သူသည် အာရှတိုက်(သီရိလင်္ကာ)နိုင်ငံ(သီဟိုဠ်)သို့ ပထမဆုံးခရီးထွက်ခဲ့ရာ ထိုနိုင်ငံသည် သူအပျော်မွေ့ဆုံးနိုင်ငံဖြစ်ပေသည်။ ဂိုက်ဂါသည် သီဟိုဠ်ဘာသာရပ်(သီဟဠဘာသာ)နှင့် ပတ်သက်၍ စာအုပ်များစွာ ရေးသားခဲ့ပြီး၊ သီဟိုဠ်ရာဇဝင် (ဒီပဝင်) ပါဠိကျမ်းနှစ်စောင်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုသည့်ပြင် သံယုတ္တနိကာယ် ပထမနှစ်ကျမ်းကို ဂျာမန်ဘာသာသို့(၁၉၃၀-၁၉၂၅) ပြန်ဆိုခဲ့ပေသည်။ စံတင်လောက်သော မလေ့လာပဲမဖြစ်သည့် "ပါဠိစာပေနှင့် ဘာသာစကား" ကျမ်း (၁၉၁၆) မှာ ပါဠိလေ့လာသင်ကြားသူ အားလုံးအတွက် ခေါင်းခဲသက်သာစေသည့် အဖွင့်ကျမ်းပင် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုကျမ်းသည် ပါဠိသဒ္ဒါ လမ်းရိုးကိုသာမက များစွာသော အစဉ်မမှန်သည့် ပါဠိပုံစံများနှင့် သဒ္ဒါစနစ်နှင့်သွေဖီသော ကွဲလွဲမှုများကိုပါ ရှင်းလင်းဖော်ပြထားသောကြောင့် ဖြစ်ပေသည်။ ယင်းကျမ်းသည် ဘာသာစကားသင်ကျမ်းကား မဟုတ်ပေ၊ သို့ရာတွင် ပြဿနာကိုရင်ဆိုင်ရတိုင်း မှီငြမ်းကိုးကားရသည့်ကျမ်း ဖြစ်ပေသည်။

ဂျာမန်ဗုဒ္ဓဘာသာလေ့လာမှုသမိုင်းတွင် ဗုဒ္ဓဓမ္မကိုလေ့လာသောပညာရှင်ပုဂ္ဂိုလ်ကြီးများသာမက တချိန်တည်းမှာပင် ဗုဒ္ဓဓမ္မကို ခံယူကျင့်သုံးသော ပုဂ္ဂိုလ်များလည်း ပေါ်ထွက်ခဲ့ပေသည်။ ထိုပုဂ္ဂိုလ်များအနက် ထူးခြားထင်ရှားသောပုဂ္ဂိုလ်မှာ အရှင်ဉာဏတိလောကမဟာထေရ် (၁၈၇၈ - ၁၉၅၇) လူအမည် အန်တွန်ဝေါလ်တာဖလောရပ်စ်ဂုသ် ဖြစ်ပေသည်။ ဆရာတော်သည်

၁၉၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ သာမဏေဘောင်သို့ဝင်ရောက်၍ ၁၉၀၄ ခုနှစ်တွင် ဥပသမ္ပဒကံဆောင်၍ ရဟန်းဘောင်သို့ တက်ရောက်ခဲ့ပေသည်။ ဂျာမန်အမျိုးသားထဲတွင် ပထမဆုံးရဟန်းပြုသူ ဖြစ်ပေသည်။

၁၉၁၁ ခုနှစ်တွင် ဆရာတော်သည် သီဟိုဠ်နိုင်ငံ တောင်ပိုင်း "ရတဂမ" ရေအိုင်အတွင်းရှိ ကျွန်းပေါ်၌ ပေါလ်ဂတ်စ်ဒူဝကျောင်းတော်၊ ဒီပအာရမ္မကျွန်းမြတ်ရိပ်သာကို တည်ထောင်တော်မူလေသည်။ ထိုကျောင်းတိုက်သည် နောင်ကာလတွင် ဂျာမန်ဗုဒ္ဓဘာသာဝင်များ ဘုရားဖူးလာရောက်ရာ ဌာနဖြစ်လာလေသည်။ ပထမကမ္ဘာစစ်အတွင်းက အရှင်ဉာဏတိလောကအား သီဟိုဠ်မှ နေ့ချင်းသော် ဩစတြေးလျ နိုင်ငံတို့တွင် ဖမ်းဆီးအကျဉ်းချထားခြင်းခံရ၍ ယင်းကာလအပြီး လွန်မြောက်သော် ဂျပန်နိုင်ငံသို့ ကြွရောက်ပြီး တိုကျိုတက္ကသိုလ်တွင် (၅)နှစ်ကြာ သင်ကြားပို့ချနေခဲ့ပေသည်။ ၁၉၂၆ ခုနှစ်တွင်မှ သီဟိုဠ်ကျွန်းမြတ်ရိပ်သာသို့ ပြန်လည်ကြွရောက်ခွင့်ရခဲ့လေသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌လည်း အလားတူ ကြမ္မာကြုံရပြန်လေသည်။ ဆရာတော်နှင့်အတူ သီတင်းသုံးသော ဂျာမန်ရဟန်းတော် အရှင်ဉာဏပုဏ္ဏိကတို့အား အိန္ဒိယနိုင်ငံ ဒေရာဒွန်းတွင် အကျဉ်းချထား၍ ၁၉၄၆ ခုနှစ်တွင်မှ သီဟိုဠ်သို့ ပြန်ကြွခွင့်ပြုခဲ့ကြလေသည်။

ဗုဒ္ဓဘာသာစာပေပကျင်းဂန်လောကတွင် အရှင်ဉာဏတိလောက၏ ပြုစုအားထုတ်တော်မူသော ကျမ်းများမှာ အသူးထင်ရှားပေသည်။ "ဗုဒ္ဓစကားတော်" ဟူသောစာအုပ် (ဂျာမန်ဘာသာ ၁၉၀၆)မှာ ဗုဒ္ဓဘာသာအတွက် အခြေခံကျမ်းစာပင် ဖြစ်ခဲ့ပေသည်။ အင်္ဂလိပ်ဘာသာဖြင့် ၁၂-ကြိမ် ရိုက်နှိပ်ခဲ့ရပေသည်။ (ပထမနှိပ်ခြင်းကို ၁၉၀၇ ခုနှစ်က မြန်မာနိုင်ငံတွင် ရိုက်နှိပ်ခဲ့ပေသည်။) ဘာသာ ၉ မျိုးနှင့်လည်း ပြန်ဆိုခဲ့ကြပြီးပေပြီ၊ ဆရာတော်၏ "ဗုဒ္ဓဝါဒအခြေခံ" စာအုပ်၊ "ဝိမုတ္တိမဂ္ဂ၊ ထွက်မြောက်ရာလမ်း" စာအုပ် (၁၉၅၆)၊ အဘိဓမ္မာပိဋကလမ်းညွှန်(၁၉၃၀)နှင့် "ဗုဒ္ဓဘာသာအဘိဓာန်" (၁၉၅၃)တို့မှာ ထင်ရှားကျော်ကြားလှပေသည်။

အုပ်တွဲ များပြားလှ၍ ကျယ်ပြန့်သောကျမ်းများ ရှိပေသေးသည်။ ယင်းတို့မှာ အရှင်ဉာဏတိလောက၏ ပါဠိမှ ဂျာမန်ဘာသာသို့ ပြန်ဆိုသော ဘာသာပြန်ကျမ်းများပင် ဖြစ်ပေသည်။ ဆရာတော်သည် အင်္ဂုတ္တရနိကာယ် (၅ တွဲ၊ ၁၉၂၂-၂၃ ပြန်လည်ပုံနှိပ်ခြင်း၊ ၁၉၆၉) အရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ် (၁၉၅၀) နှင့် အဘိဓမ္မာပိဋက၊ ပုဂ္ဂလပညတ်တို့ကို ပြန်ဆိုတော်မူခဲ့ပေသည်။ ထိုမျှမက ပါဠိသဒ္ဒါကျမ်းကို ဝေါဟာရမာလာနှင့်တကွ ပြုစုတော်မူ၍ အင်္ဂလိပ်ဘာသာရေးရင်းကျမ်းအများကို ဂျာမန်ဘာသာနှင့်လည်း ပြန်ဆို ထုတ်ဝေတော်မူခဲ့ပေသည်။

အရှင်ဉာဏတိလောက၏ ထင်ရှားသော ဂျာမန်တပည့်တဦးမှာ အရှင်ဉာဏပုဏ္ဏိက (၁၉၀၁ ခုနှစ်ဖွား) ဖြစ်၍ ၁၉၂၃ ခုနှစ်တွင် ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့ပေသည်။ ဆရာတော်သည် ၁၉၃၇ ခုနှစ်တွင် ရဟန်းဘောင်သို့ တက်ရောက်၍ သီရိလင်္ကာနိုင်ငံမှာပင် ဆက်လက်သီတင်းသုံးတော်မူလေသည်။ ကျွန်ုပ်တို့သိရသမျှ ဗုဒ္ဓဘာသာတရားတော်နှင့် ပတ်သက်၍ ဆရာတော် ပြုစုအားထုတ်တော်မူပြီးသောကျမ်းများမှာ ဓမ္မသင်္ဂဏီ (၁၉၅၀)၊ သုတ္တနိပါတ် (၁၉၅၅)၊ သံယုတ္တနိကာယ်သုတ္တန်များ ၁၇ မှ ၃၄ (၁၉၆၇) ဘာသာပြန်တို့ ဖြစ်ပေသည်။ ဤကျမ်းမှ ဂိုက်ဂါ၏ရေးကျ၍ မပြည့်စုံသော ဘာသာပြန်ကို ဆက်လက် ပြန်ဆိုခြင်း ဖြစ်ပေသည်။ ဆရာတော်၏ ကမ္မဋ္ဌာန်းဆိုင်ရာ သတိပဋ္ဌာန်းနည်းစာအုပ် (၁၉၅၁၊ ၁၉၅၆၊ ၁၉၆၀၊ ၁၉၇၀)မှာ ကမ္မဋ္ဌာန်း အလုပ်ကို နှစ်ပေါင်းများစွာ စွန့်လွှတ်အဆက်ဖြတ်ခဲ့ရသော အနောက်တိုင်း ဗုဒ္ဓဘာသာများအတွက် အထူးပင် အထောက်အပံ့ဖြစ်စေခဲ့ပေသည်။ အရှင်ဉာဏပုဏ္ဏိကသည် ကန္ဒီမြို့ ဗုဒ္ဓစာစောင်ထုတ်ဝေရေးအဖွဲ့၏ ဂုဏ်ထူးဆောင် အယ်ဒီတာနှင့် ပူးတွဲတည်ထောင်သူ ဖြစ်ပေသည်။

ဂျာမန်ဗုဒ္ဓဓမ္မလေ့လာသော ပညာရှင်များတွင် ယုံကြည်ကိုးကွယ်သော ဥပါသကာများလည်း ရှိပေသည်။ သာသနာတော်ပြန့်ပွားရေးတွင် ထိုပုဂ္ဂိုလ်များ၏ အခက်းကဏ္ဍကို ရှေ့တွင်ဖော်ပြပါမည်။ ဤတွင် ယင်းတို့၏ပညာပိုင်း ဆိုင်ရာဆောင်ရွက်ချက်ကိုသာ ဖော်ပြပေမည်။

ကာလ်ဆေဒင်စတုကား(၁၈၇၆-၁၉၃၆) သည် သိပ္ပံပညာ၊ ဆေးပညာ၊ ဒဿနပညာနှင့် ဘာသာစကားများကို လေ့လာသင်ကြားခဲ့၍ ၁၉၁၃ ခုနှစ်တွင် ဥဒါန်းပါဠိတော်နှင့်ပတ်သက်၍ ကျမ်းပြုခဲ့သဖြင့် ဒေါက်တာ(ပါရဂူ) ဘွဲ့ကို ရရှိခဲ့ပေသည်။ ထိုပုဂ္ဂိုလ်သည် ဥဒါန်း၊ ခုဒ္ဒကပါဌနှင့် ဣတိဝုတ္တကပါဠိတော်တို့ကို ဂျာမန်ဘာသာသို့ ပြန်ဆိုခဲ့ပြီး၊ ပါဠိသဒ္ဒါ (၁၉၁၆) ကိုလည်း ပြုစုခဲ့ပေသည်။ ဂိုက်ဂါနှင့် အရှင်ဉာဏတိလောကတို့၏ ပါဠိသဒ္ဒါကျမ်းများ ရှိခဲ့စေကာမူ ထိုသဒ္ဒါကျမ်းသည် လက်စွဲပြုရာ၌ အသုံးတွင်သည်သာ ဖြစ်ပေသည်။ ဆေဒင်စတုကာ၏ အကျော်ကြားဆုံးသောစာအုပ်မှာ "ဘာသာပြန်ပါဠိ ဗုဒ္ဓဘာသာ" အမည်ရှိစာအုပ် (၁၉၁၁ ပြန်လည်ပုံနှိပ်ခြင်း ၁၉၂၃) ပင်ဖြစ်၍ ယင်းကျမ်းမှာ စနစ်တကျ အစီအစဉ်ပြုလုပ်ထားပြီး ကျမ်းပြုသူ၏ အပန်းတကြီး ရှင်းလင်းဖွင့်ဆိုချက်များ တိုတိုကျဉ်းကျဉ်းပင်ပါရှိပေသည်။ ထေရဝါဒ ဗုဒ္ဓဘာသာအတွက် လက်စွဲပြုနိုင်သော ရည်ညွှန်းကျမ်းတစောင် အဖြစ်အသုံးဝင်လှ၍ ပြဿနာများကိုလည်း ရှင်းလင်းဖော်ပြထားပေရာ ထပ်မံပုံနှိပ်ခြင်းမရှိသဖြင့် ရှားပါးစွာ တမက်တမော ရှာဖွေနေကြရသော စာအုပ်ပင်ဖြစ်ပေသည်။

ဩစထရီးယားအမျိုးသား အိန္ဒိယဗေဒပညာရှင် ကာလ်ယူဂျင်နူးမန်း (၁၈၆၅-၁၉၁၅)သည် အာရှနိုင်ငံများသို့အနှံ့ ခရီးလှည့်ခဲ့၍၊ ပါဠိကျမ်းစာအသင်းမှ မစ္စ ဂျေ၊ ဘီ၊ ဟော်နာ၏နောက်တွင် ဘာသာပြန်ဆိုခဲ့သော ပါဠိကျမ်းအများဆုံးအနေဖြင့် ကမ္ဘာပေါ်တွင် ဒုတိယလိုက်ပေသည်။ ထိုပုဂ္ဂိုလ်သည် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်ဓမ္မပဒ၊ သုတ္တနိပါတ်နှင့် ထေရဂါထာ၊ ထေရီဂါထာများကို ဂျာမန်ဘာသာသို့ ပြန်ဆိုခဲ့ပေသည်။ သူ၏ပြန်ဆိုချက်များမှာ ချောမွေ့၍ အလင်္ကာဂုဏ်မြောက်သည်ဟု အချို့က ချီးကျူး၍ အချို့က အတွာနေသောမတိများလွန်းသည်ဟု စကားတင်းဆိုကြပေသည်။ မည်သို့ပင်ဆိုစေ နူးမန်း၏ဘာသာပြန်များသည် ဗုဒ္ဓဘာသာကို လေးမြတ်ယုံကြည်သူများအတွက် အောင်ပန်းဆင်လျက်ရှိပေသည်။ အခြားအိန္ဒိယဗေဒပညာရှင် ရုဒေါ့ဖ်အော်တိုဖရန်က(၁၈၆၂-၁၉၂၈)ကမူကား သူ၏ဒီဃနိကာယ်ဘာသာပြန်(၁၉၁၃)၏ နိဒါန်းတွင် ထိုကျမ်းကို တိကျခြင်းမရှိဟူ၍ ဝေဖန်ထား

သည်ကို တွေ့ရပေသည်။ ဂျာမန်ဗုဒ္ဓဘာသာ သက်ကြီးရွယ်အိုများဆိုလျှင် နူးမန်း၏ဘာသာပြန်စာအုပ်မှ စာပိုဒ်ရှည်များကို နှုတ်လွတ် ရွတ်ပြနိုင်ကြပေသည်။ သူ၏ ဓမ္မပဒဘာသာပြန်ကို အကြိမ်ကြိမ်ပြန်၍ ရိုက်နှိပ်ရပေသည်။

ဓမ္မပဒအပြည့်အစုံ ဘာသာပြန်နှင့် ဒီဃနိကာယ်မှ ကောက်နုတ်ဘာသာပြန် မဇ္ဈိမနိကာယ်မှ ကောက်နုတ် ဘာသာပြန်များကို ပေါလ်ဒါလ်ဘေ (၁၈၆၅-၁၉၂၈) ကလည်း ထုတ်ဝေခဲ့၍ ဂျူလီယက်စ်ဒုတ္တ်ကက်(၁၈၇၂-၁၉၅၈)သည် ဇာတကဝတ္ထုများကို ဂျာမန်ပရိသတ်အတွက် လက်လှမ်းမှီစေခဲ့ပေသည်။ (၇ တွဲ၊ ၁၉၀၈-၁၁)။

ဂျာမန်ထေရဝါဒီများတွင် အကြီးအမှူးလည်းဖြစ်၍ ပါဠိပညာရှင်ကြီး တဦးလည်းဖြစ်ပြီး အသက် ၉၃ နှစ်အထိ တက်တက်ကြွကြွ ရှိနေသူမှာကား ကွတ်ဒ်ရှမစ်(၁၈၇၉-ခုနှစ်ဖွား)ပင်ဖြစ်၍ ဗုဒ္ဓဘာသာ ကြည်ညိုကိုင်းရှိုင်းသူတဦးလည်းဖြစ်ပေသည်။ ၁၉၆၁ ခုနှစ်တွင် သူ၏ မဇ္ဈိမနိကာယ်ဘာသာပြန်အကျဉ်းကို အိတ်ဆောင်အရွယ် ရိုက်နှိပ်ထုတ်ဝေခဲ့ပေသည်။ ရှမစ်သည် ကျမ်း (၁၂)စောင် ပြုစုခဲ့၍ ဘာသာပြန်များတွင် ဂျာမန်ဘာသာနှင့် ဗုဒ္ဓကျမ်းစာအနှစ်စုံ(၁၉၅၁-၅၄) "ဗုဒ္ဓဝါဒ" အမည်ရှိ ဗုဒ္ဓဘာသာလမ်းညွှန် (၁၉၄၇၊ ထပ်မံပုံနှိပ်ခြင်း၊ ၁၉၅၅) ခက်ခဲသော ပါဠိဝေါဟာရများ၏အဖွင့်နှင့် ရှေးပညာရှင်များ အကောက်အယူ လွဲမှားခဲ့သော ဘာသာပြန်ဆိုချက်များကို ပြင်ဆင်ချက်များပါဝင်သည့် "ဗုဒ္ဓဘာသာအဘိဓာန်"(၁၉၄၈)နှင့် "မြတ်စွာဗုဒ္ဓ၏ မဟာသာဝကကြီးများ" အကြောင်းစာအုပ်၊ ၁၉၄၇ ခု ပြန်လည်ပြင်ဆင်ခြင်း ၁၉၅၅) တို့ ပါရှိပေသည်။ ဒေါက်တာရှမစ်သည် အနောက်ဘာလင် တိုးချဲ့တက္ကသိုလ်တွင် ပါဠိဘာသာနှင့် ဗုဒ္ဓဓမ္မ သင်တန်းများကို နှစ်ပေါင်းများစွာ ပို့ချသင်ကြားပေးခဲ့ပေသည်။

ကျွန်ုပ်တို့၏ ဗဟုသုတကို တိုးတက်ကြွယ်ဝလေအောင် ပါဠိစာပေများဖြင့် အကျိုးပြုခဲ့သူတဦးမှာကား ဝီလ်ဟိမ်းစတိဒ်ပင် ဖြစ်ပေသည်။ အင်္ဂလိပ်အသံလှယ်၍ ဝီလျံစတိဒ်(၁၈၈၂-၁၉၅၈)ဟု အသိများပေသည်။ ထိုပုဂ္ဂိုလ်

သည် ၁၉၁၄ ခုနှစ်တွင် ဒေါက်တာ(ပါရဂူ)ဘွဲ့ကို ပေတဝတ္ထုနှင့် ပတ်သက်သောကျမ်းကို ပြုစုခြင်းဖြင့် လိုက်ပဇစ်တက္ကသိုလ်မှ ရယူခဲ့ပေသည်။ သူသည် ပါဠိကျမ်းစာအသင်း၏ ပါဠိ-အင်္ဂလိပ်အဘိဓာန်(၁၉၂၁-၂၅)ကို တည်းဖြတ်သူလည်း ဖြစ်ပေသည်။ သူသည် ၁၉၁၆ ခုနှစ်တွင် စစ်သုံ့ပန်းအဖြစ် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိခဲ့လေသည်။ တီ၊ ဒဗလျူ၊ ရိုးစ်ဒေးဗစ်က စစ်သုံ့ပန်းစခန်းတွင် တွေ့ရှိရပြီး၊ လွတ်မြောက်အောင် ဆောင်ရွက်ပေးကာ သူ၏ လက်ထောက်အဖြစ် ခန့်အပ်ခဲ့ပေသည်။

## (၁) လီနင်ဂရက် လေ့လာရေးဂိုဏ်း

အဘိဓမ္မာကို အနည်းငယ်သာ စိတ်ဝင်စားမှုရှိကြသော အင်္ဂလိပ်-ဂျာမန် လေ့လာရေးဂိုဏ်းနှင့်မဟုတ်၊ ကမူခြားသောပညာရှင်များမှာကား လီနင်ဂရက် လေ့လာရေးဂိုဏ်းဖြစ်၍ အဘိဓမ္မာကို လေ့လာရေး၏ ဦးတည်ချက် ပြုကြပေသည်။ ထိုပုဂ္ဂိုလ်များသည် သူတို့၏လေ့လာမှုကို ပါဠိပိဋကတ်တခုတည်းကိုသာ အခြေခံမပြုကြပဲ၊ သက္ကတဘာသာနှင့် ကျယ်ပြန့်စွာရှိနေသော ဝသုဗန္ဓု၏ အဘိဓမ္မာကောသျကျမ်းကဲ့သို့သော ဟီနာယာန ကျမ်းများကိုလည်း လေ့လာပေသည်။ ထိုမှတပါး လေ့လာမှုနည်းသစ်ကိုလည်း စွဲပိုက်လေသည်။ သူတို့သည် ရှေးဟောင်းကျမ်းစာများကို အာရှတိုက်ရှိ တည်ဆဲဗုဒ္ဓဘာသာ အစဉ်အလာများ၏ အကူအညီဖြင့် သဘောကောက်ယူခြင်း ပြုကြပေသည်။ ထိုနည်းသည် အဖိုးတန်သော အကျိုးကျေးဇူးကို ရရှိစေပေသည်။

လီနင်ဂရက် လေ့လာရေးဂိုဏ်းသည် အင်္ဂလိပ်—ဂျာမန် လေ့လာရေးဂိုဏ်း၏ ရှိခဲ့၊ ရရှိဆဲထင်ပေါ်ကျော်ကြားမှုမျိုးကိုကား မရရှိခဲ့ပေ။ ယင်းအဖွဲ့သည် သာမန်ပရိသတ်အတွက် စာအုပ်စာတမ်းများ ထုတ်ဝေခြင်း မပြုခဲ့ပေ။ ဗုဒ္ဓဓမ္မနှင့် အကျွမ်းဝင်ပြီးသောသူများနှင့် အခြားပညာရပ်ဆိုင်ရာ အကြောင်းရပ်များကိုသာ ဦးတိုက်ရေးသားကာ ပြုစုပေသည်။

ထိုလေ့လာရေးဂိုဏ်းတွင် ဂျာမန်ဗုဒ္ဓဘာသာဝင် ဥပါသကာများ ပါဝင်ခြင်းမပြုခဲ့ပေ။ ဂျာမန်သွေး မကင်းသူနှစ်ဦးအပါအဝင် ရုရှအမျိုးသား သုံးဦးတို့မှာ အဓိကပါဝင်ဆောင်ရွက်သူများ ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်များမှာ အော်တိုရိုဇင်ဘာတ်စတတ်ချာဘာတ်စကီနှင့် အီး၊ အိုဗာမီလာတို့ ဖြစ်ပေသည်။ ရိုဇင်ဘာတ်၏ "ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ပြဿနာများ" (ရုရှဘာသာ ၁၉၁၈၊ ဂျာမန်ဘာသာ ၁၉၂၄)နှင့် စတတ်ချာဘာတ်စကီ၏ "ဗုဒ္ဓဝါဒ၏ အချက်အချာ ခံယူချက်နှင့် ဓမ္မ၏အဓိပ္ပါယ်"(လန်ဒန် ၁၉၂၃)တို့မှာ ထိုဂိုဏ်း၏ထင်ရှားသော ကျမ်းများပင် ဖြစ်ပေသည်။

စတတ်ချာဘာတ်စကီမှာ လီနင်ဂရက်တက္ကသိုလ်တွင် ရိုဇင်ဘာတ်၏ဆရာ ဖြစ်ပေသည်။ သို့ရာတွင် ရိုဇင်ဘာတ်က သူ၏စာအုပ်ကို ထုတ်ဝေလိုက်သောအခါ စတတ်ချာဘာတ်စကီသည် သူ၏ နောက်လိုက် ဖြစ်သွားလေသည်။ (၁၉၁၉) ခုနှစ်တွင် ရိုဇင်ဘာတ်သည် သက်တမ်းစေ့မနေရဘဲ ကွယ်လွန်သွားသောအခါ စတတ်ချာဘာတ်စကီသည် သူ၏လမ်းစဉ်အတိုင်း ဆက်၍လိုက်ပေသည်။

## (ဂ) ခေတ်သစ် လေ့လာရေးဂိုဏ်း

ခေတ်သစ်လေ့လာရေးဂိုဏ်းဟု ခေါ်ရသည့်ပုဂ္ဂိုလ်စုမှာကား ဟိနာယာန နှင့် မဟာယာန ဗုဒ္ဓဘာသာနှစ်ရပ်လုံးကို တန်းတူအလေးပေး၍ လေ့လာပေသည်။ ဗုဒ္ဓဘာသာစနစ်များကို ကွဲပြားသေချာလေ့လာနိုင်ရန်အတွက် ရနိုင်သမျှသော အထောက်အထားကို စာပေကျမ်းဂန်များမှသာမက နှုတ်ပြော အစဉ်အလာနှင့် ရှေးဟောင်းသုတေသန တူးဖော် တွေ့ရှိချက်များပါမကျန် လေ့လာပေသည်။ ရေးသားထားသော ကျမ်းစာနှင့်ပတ်သက်၍ဆိုပါမူ ပါဠိ နှင့် သက္ကတကျမ်းများ၊ တိဗက်၊ တရုပ်နှင့် ဂျပန်ကျမ်းများကိုပါ လေ့လာပေသည်။ ဗုဒ္ဓဘာသာစကားအားလုံးကို ကျွမ်းကျင်တတ်မြောက်သည် မဟုတ်ပေရာ၊ လက်တွေ့အားဖြင့် ဗုဒ္ဓဘာသာ၏ တဖက်ဖက်တွင်သာ တဦးစီ အလေးထား၍ လေ့လာနိုင်ကြပေသည်။

ခေတ်သစ်လေ့လာရေးဂိုဏ်း၏ အစောဆုံးသော အရေးပါသည့် ကျမ်းများကို ဘဲလ်ဂျီယန်နှင့် ပြင်သစ်ပညာရှင်များက ပြုစုခဲ့ကြပေသည်။ ထို့ကြောင့် ထိုလေ့လာရေးဂိုဏ်းကို ပြင်သစ်–ဘဲလ်ဂျီယန်လေ့လာရေးဂိုဏ်းဟူ၍ပင် ခေါ်တွင်ကြလေသည်။ ဘဲလ်ဂျီယန်ပညာရှင်များအနက် ထင်ရှားသောပုဂ္ဂိုလ်များမှာ အဲလ်ဒီလာဗာလီပေါဆင်(၁၈၆၉–၁၉၃၈)နှင့် အီတိန်းနီလမ်မော့တ်တို့ဖြစ်သည်။ ထိုပုဂ္ဂိုလ်၏ "ဗုဒ္ဓဘာသာ အိန္ဒိယနိုင်ငံသမိုင်း" ကျမ်းကြီးမှာ ဗုဒ္ဓဓမ္မနှင့် သံဃာတော်များနှင့်ပတ်သက်၍ ပထမရာစုနှစ်အထိ ငုံမိအောင်ရေးသားထား၍ မည်သည့်ပညာရှင်မျှ လျစ်လျူမပြုနိုင်ကြပေ။ ပြင်သစ်အမျိုးသား အက်စ်လီဗီနှင့် အဲလ်ဖရက်ဖောက်ကာတို့ ပါဝင်ပေသည်။ ဖောက်ကာ၏ ဗုဒ္ဓုပ္ပတ္တိ(ပြင်သစ်ဘာသာ ၁၉၄၉၊ အင်္ဂလိပ်ဘာသာပြန်အကျဉ်း ၁၉၆၃)သည် ဘာသာအသီးသီးနှင့် ရေးသားသမျှသော ယင်းအကြောင်းရပ်တွင် အကောင်းဆုံးကျမ်းတစောင်ပင် ဖြစ်ပေသည်။

အီတလီနှင့် ဂရိတ်ဗြိတိန်သည်လည်း ထိုလေ့လာရေးဂိုဏ်းတွင် ထင်ရှားသော ပညာရှင်များ မွေးထုတ်နိုင်ခဲ့ပေသည်။ ရောမမှ အိန္ဒိယဗေဒနှင့် တိဗက်ဗေဒပညာရှင် ဂုဆက်ပီတူစီ(၁၈၉၄ ခုနှစ်ဖွား) နှင့် လန်ဒန်မှ အက်ဒွပ်ကွန့်ဇ်(၁၉၀၄ ခုနှစ်ဖွား)တို့ကိုသာ ဖော်ပြနိုင်ပေမည်။ ကွန့်ဇ်သည် ၁၉၂၈ ခုနှစ်တွင် ကိုလုံးတက္ကသိုလ်မှ ဒေါက်တာ(ပါရဂူ)ဘွဲ့ကို ရရှိခဲ့၍၊ ယခုအချိန်တွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ အထူးထင်ရှားကျော်ကြားသော အနောက်တိုင်းစာရေးဆရာတဦးဖြစ်၍၊ ပါဠိသက္ကတနှင့် တိဗက်ဘာသာများကို ကျွမ်းကျင်သူဖြစ်ပြီး ကြည်ညိုကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင် ဥပါသကာတဦးဖြစ်ပေသည်။ သူသည် ဗုဒ္ဓကျမ်းစာအုပ်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့၍ အထူးသဖြင့် ကမ္ဘာပေါ်တွင် သူ့အား အာဘော်အပိုင်ဆုံးအဖြစ် တံခွန်ထူစေနိုင်ခဲ့သော ပညာပါရမိက စာပေများကို ပြန်ဆိုခဲ့သည့်ပြင် ထင်ရှားသော စာအုပ်စာတမ်းများစွာကိုလည်း ရေးသားခဲ့ပေသည်။ သူ၏ အထုတ်ဝေရဆုံးသော စာအုပ်မှာ "ဗုဒ္ဓဘာသာ၊ အနှစ်သာရနှင့် တိုးတက်မှု" အမည်ရှိသောစာအုပ် (၁၉၅၁၊ ဂျာမန်ဘာသာ ၁၉၅၃) မှာ ဖတ်မဝနိုင်သောစာအုပ်ပင် ဖြစ်ပေသည်။

ခေတ်သစ်လေ့လာရေးဂိုဏ်းတွင် ဂျာမန်အမျိုးသားမဟုတ်သော်လည်း ဂျာမန်ဘာသာနှင့် ရေးသားပြုစုခဲ့သော ပညာရှင်များရှိပေသည်။ မော်ရစ်ဝင်တာနစ်(၁၈၆၃-၁၉၃၇)သည် ဂျာမန်ထေရဝါဒနှင့်မဟာယာနအနှစ်စုကျမ်းများ(၁၉၂၉၊ ၁၉၃၀)ကို ပြုစုခဲ့၍ "အိန္ဒိယစာပေသမိုင်း" အမည်ရှိ ကျော်ကြားထင်ရှားသောကျမ်းကို စီရင်ရေးသားခဲ့ရာ၊ ယင်းကျမ်းတွင် ဗုဒ္ဓဘာသာစာပေများအကြောင်းကို အကျယ်တဝင့်ပင် ဖော်ပြထားပေသည်။ ထိုပုဂ္ဂိုလ်သည် ချက်ကိုစလိုဗက်နိုင်ငံ ပရတ်တက္ကသိုလ်တွင် ပါမောက္ခဖြစ်ပေသည်။ လေးနက်သော ဗုဒ္ဓကျမ်းစာလေ့လာချက် စာတမ်းပေါင်းများစွာဖြင့် ကျေးဇူးပြုခဲ့သော ပုဂ္ဂိုလ်ဖြစ်၍ "ဗုဒ္ဓဝါဒအဘိဓမ္မာ" (၁၉၅၈) အမည်ရှိ ခိုင်မာသည့် အနှစ်စုကျမ်းနှင့် မပြီးဆုံးသေးသော "အိန္ဒိယ ဒဿန သမိုင်း" (၂ တွဲ၊ ၁၉၅၃-၅၆) ကို ရေးသားခဲ့သော အီရစ်ဖရော်ဝါလ်နာ (၁၈၉၈ ခုနှစ်ဖွား) မှာလည်း ဩစတြီးယားအမျိုးသား ဖြစ်ပေသည်။ အီမီလ်အဘက် (၁၈၈၅-၁၉၆၂)နှင့် ကွန်စတန်တင်ရီဂါမေတို့သည် ဆွစ်အမျိုးသားများ ဖြစ်ပေသည်။

ခေတ်သစ်လေ့လာရေးဂိုဏ်းတွင် ပါဝင်သည်ဟုဆိုရသော ပထမဆုံး ဂျာမန်အမျိုးသားမှာ မတ်စ်ဝေါလက်ဆာ (၁၈၇၄-၁၉၅၄) ဖြစ်ပေသည်။ သူ၏ အတွဲ ၄ တွဲပါရှိသော "ဗုဒ္ဓအဘိဓမ္မာနှင့် သမိုင်းစဉ် တိုးတက်ဖြစ်ထွန်းမှု" (၁၉၀၄-၂၇) ကျမ်းနှင့် "ခေတ်ဦး ဗုဒ္ဓဘာသာ၏ ဒဿန အခြေခံများ" (၁၉၀၄) "အင်္ဂုတ္တရနိကာယ်"(?) "အဋ္ဌသဟဿရိကဘာသာပြန်(၁၉၁၄)နှင့် နဂါဇုန၏ မဇျိမကဿုတ္တရ တရုပ်နှင့် တိဗက်မူမှ ဂျာမန်ဘာသာပြန်(၁၉၁၂)တို့မှာ အချို့အချက်အလက်များ ခေတ်နောက်ကျနေစေကာမူ၊ လက်မလွှတ်နိုင်သော ကျမ်းစာများဖြစ်ပေသည်။ ဝေါလက်ဆာသည် ဟိုက်ဒဲလ်ဘတ်တက္ကသိုလ်တွင် ပါမောက္ခဖြစ်၍ ကျောင်းသားများအား စာတမ်းပြုစုရန် ဗုဒ္ဓဝါဒဆိုင်ရာ အကြောင်းအရာများကို သတ်မှတ်ပေးလေ့ရှိပေသည်။ ဤနည်းဖြင့် အထူးလေ့လာချက်စာတမ်းပေါင်း အတော်များများပင် ထွက်ပေါ်လာ၍ ယင်းတို့အနက် ၂ စောင်မှာ ယောဂစရ (ဝိညာဏဝါဒ) ဒဿနနှင့် ပက်သက်၍ အီး၊ ဝုဖ်နှင့် အဲရှော့တ် (၁၉၃၀ - ၁၉၃၅) တို့၏ လေ့လာချက် စာတမ်းများဖြစ်၍ အဖိုးတန်လှပေသည်။

ဆာအော်ရဲလ်စတန်းကို အားကျ၍ အဲလ်ဗတ်ဗွန်လီကော့ (၁၈၆၀-၁၉၃၀) နှင့် အဲလ်ဘတ်ဂရုအင်ဝီဒဲလ် (၁၈၅၆-၁၉၃၅)တို့ ဦးဆောင်သော ဂျာမန်စွန့်စားရှာဖွေရေး ခရီးသုံးခေါက်မှာ အရေးပါသော ဖြစ်ရပ်ကြီးများ ဖြစ်ပေသည်။ ထိုအဖွဲ့သည် ၁၉၀၄ ခုနှစ်နှင့် ၁၉၁၄ ခုနှစ်အကြား တရုပ်တာကစ်စတန်(ဆင်ကျန်)ရှိ သဲကန္တာရတွင်း စိမ်းလန်းဒေသဖြစ်သော တာဖန်သို့ ခရီးထွက်ခဲ့၍ အပြန်တွင် ဗုဒ္ဓကျမ်းစာဟောင်း သက္ကတနှင့် တိုခါရစ်ဘာသာလက်ရေးမူများနှင့် အစိတ်အပိုင်းများစွာကို ရယူလာခဲ့ကြပေသည်။ ထိုစာမူအများစုမှာ သာဝတ္တိဝါဒီတို့ပိုင်ဆိုင်သော ပိဋကတ်များဖြစ်၍ ဟိနာယာနပိဋကတ်တော်များနှင့် ဂိုဏ်းကွဲအစဉ်အလာများ၏ ခိုင်မာမှုအတွက်နှိုင်းယှဉ်ရန် အခွင့်အလမ်းကို ဖွင့်ဖော်ပေးနိုင်ခဲ့ပေသည်။ တာဖန်စာမူ အစိတ်အပိုင်းများကို ကောင်းစွာဆက်စပ်၍ ထိန်းသိမ်းထားနိုင်ခဲ့ပြီး၊ တစိတ်တဒေသကို ဟိန်းရစ်လူဒါးစ်(၁၈၆၉-၁၉၄၃)နှင့် အန့်စ်တ်ဝါလ်ဒ်ရှမစ် (၁၈၉၇ ခုနှစ်ဖွား) တို့ကတည်းဖြတ်ခဲ့ကြပေသည်။ ယင်းတို့၏ ဗုဒ္ဓဘာသာဆိုင်ရာ ပြုစုချက်များသည် အချင်းချင်း အထောက်အကူပံ့ပိုးပေသည်။

အန့်စ်တ်ဝါလ်ဒ်ရှမစ်၏ အဓိကလက်ရာမှာ "မြတ်ဗုဒ္ဓ၏ ဘဝလမ်းဆုံး အစဉ်အလာ" (၂ တွဲ၊ ၁၉၄၄-၄၈)နှင့် "မဟာပရိနိဗ္ဗာနသုတ်" (၃ တွဲ၊ ၁၉၅၀-၅၁)တို့ပင်ဖြစ်၍ ယင်းတွင်ရရှိသမျှသော မူကွဲများကို အတတ်နိုင်ဆုံး ဒဿနအမြင်ဖြင့် သတိကြီးစွာထား၍ တိုက်စစ်ညှိနှိုင်းထားပေသည်။ ထိုကျမ်းစာ၏ လေးပုံသုံးပုံမှာ အခြေခံအားဖြင့်တူညီ၍ ခရစ်တော်မပေါ်မီ တတိယရာစုနှစ်အထိပြန်၍ ထောက်ထားနိုင်ဖွယ်ရှိကြောင်း နိဂုံးချုပ်ထားလေသည်။ ဤအချက်သည် ပါဠိ၊ သက္ကတ၊ တိဗက်နှင့် တရုပ်ကျမ်းဂန်များတွင် ဗုဒ္ဓုပ္ပတ္တိနှင့်ပတ်သက်သော စာသားများနှင့်စပ်လျဉ်းသည့် ဗုဒ္ဓဘာသာအရိုးအစဉ်မှာ ခိုင်လုံမှုရှိကြောင်း အထောက်အထားပြုပေသည်။

ဟိန်းရစ်လူးဒါးသည် အခြားသောအရေးပါသည့်ကျမ်းကြီးများအပြင် "ဗုဒ္ဓဘာသာမူရင်းပိဋကတ်တော်အရေးအသား ဘာသာစကားနှင့် ပတ်သက်၍ သုံးသပ်လေ့လာချက်" ကိုလည်း ရေးသားခဲ့၍ ၁၉၅၄ ခုနှစ်တွင် သူကွယ်

လွန်ပြီးမှ ထုတ်ဝေနိုင်ခဲ့ပေသည်။ လူးဒါးသည် ဘာသာစကားစိတ်ဖြာသုံးသပ်မှုဖြင့် ပါဠိပိဋကတ်တော်၏ အချို့အစိတ်အပိုင်းသည် ဗုဒ္ဓမြတ်စွာ၏ ပင်တိုယ်ဘာသာစကားဖြစ်သော၊ တနည်းအားဖြင့် မူရင်းပိဋကတ်တော်၏မူလဘာသာဖြစ်ပြီး၊ အခြားဟီနယာနပိဋကတ်တော်များ၏ အခြေခံဖြစ်သောမာဂဓိဘာသာမှ ပြန်ဆိုထားခြင်းဖြစ်ကြောင်း အထောက်အထားပြဆိုထားပေသည်။ မာဂဓိနှင့် ပါဠိဘာသာဆက်စပ်မှုရှိသော်လည်း ဝိဘတ်အဆုံးသတ်ရာတွင် ကွဲပြားခြားနားပေသည်။ အချို့အနက်မပေါ်သော ပါဠိဂါထာများကို မာဂဓိဘာသာ ပြန်ဆိုလိုက်သောအခါ အဓိပ္ပါယ်ရှင်းလင်းပေါ်လွင်လာပေသည်။

ခေတ်သစ်လေ့လာရေးဂိုဏ်းကို ကိုယ်စားပြုသော ဂျာမန်များအနက် ထင်ရှားဆုံးဖြစ်သော ဗုဒ္ဓဓမ္မကိုသာ အလုံးစုံ နှလုံးသွင်းရှိသော ပုဂ္ဂိုလ်မှာ ဟဲလ်မွတ်ဂလပ်ဆင်နက်ပ် (၁၈၉၁-၁၉၆၃) ဖြစ်၍၊ သူသည် တူဘင်ဂျင် တက္ကသိုလ်ပါမောက္ခဖြစ်ပေသည်။ သူ၏အိန္ဒိယအကြောင်းရပ်ဆိုင်ရာ ရေးသားပြုစုချက်များအပြင်၊ သူသည် ဗုဒ္ဓဘာသာအကြောင်း စာတမ်းပေါင်းများစွာကို ထုတ်ဝေခဲ့ရာ ထေရဝါဒ, မဟာယာနနှင့် တန္တရယာန(ဝဇိရယာန) ဂိုဏ်းကွဲအားလုံးကို ငုံမိပေသည်။

သမိုင်းတခေတ်ဆန်းသော ပြုစုချက်များမှာ "ဗုဒ္ဓဓမ္မသဘောတရား၏ မူလနှင့် သမိုင်း(၁၉၃၈-၃၉)စာတမ်းနှစ်စောင်ပင် ဖြစ်ပေသည်။ ယင်းတွင် သူသည် အောတိုရိုဇင်ဘတ်နှင့် စတတ်ချာဘတ်စကီနှင့် အီး အိုဗာမီလာတို့၏ သုတေသနတွေ့ရှိချက်များကို အလွန်တရာအားကျလျက် ပါဠိပိဋကတ်တော်တွင် အဘိဓမ္မာဒေသနာအားဖြင့်မြင်သည့် အနိစ္စသဘောတရားကို စူးစမ်းရှာဖွေလေသည်။ ဤတွင် လူဟူ၍ သမုတ်သော ခန္ဓာကိုယ်သည် ဓမ္မ(ကလာပ်)ဟူသော ဒြပ်များဖြင့်ဖွဲ့စည်းထား၍ ယင်းတို့၏ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲဖွဲ့စည်းမှုအရ တည်တံ့မှုဟုဆိုရသော အရာတိုင်းကို ဖြစ်စေသည်။ ထိုဓမ္မများသည်အနိစ္စများသာဖြစ်၍ အလွန်တိုတောင်းသော အခိုက်အတံ့ကာလအဖို့သာ ဖြစ်တည်နေသည်။ ယင်းတို့၏ပြောင်းလဲဖွဲ့စပ်မှုသည် ဓမ္မအသစ်အသစ်များကို ဖြစ်စေ၍ မူလရှိရင်း ဓမ္မများသည်ကား ပျက်စီးသွားရသည်။

ဤနည်းဖြင့် ပျက်သုဉ်းသွားသော ဓမ္မအဟောင်းနေရာတွင် ဓမ္မအသစ်များ ဝင်ရောက်သည်၊ ထိုဖြစ်စဉ်ကို အခါအားလျော်စွာ ဖြစ်ပျက်မှုမျှသာဟု မဆိုနိုင်၊ ယင်းသည် ပုံသေကမ္မအစဉ်ဖြစ်သည်ဟူ၍ သင်ပြပေသည်။ ဗွန်ဂလတ်ဆင်နက်ပ်၏ ဒွာလိုအရ ပဋိစ္စသမုပ္ပါဒ်၏ စကားလှယ်အားဖြင့် ထိုစကားလုံးကို ထွင်၍ သုံးပေသည်။ ဗွန်ဂလတ်ဆင်နက်ပ်၏ တွေ့ရှိချက်များအရ အနတ္တကို သင်ကြားပို့ချမှုများသည် ဓမ္မသဘောတရား၏ ယထာဘူတကျသော အကြောင်းအမျိုး ဆက်သွယ်မှုကြောင့် နားလည်လွယ်ပေသည်။ ဘဝသစ်နှင့်ပတ်သက်သော ဗုဒ္ဓဘာသာခံယူချက်ကို ဖော်ပြရန်အတွက် ဘဝသစ်တဖန် ပြန်၍ဝင်စားသော ဝိညာဉ်ကို တွေးမှတ်စွဲယူစရာ မလိုတော့ပေ။

ဒုတိယကမ္ဘာစစ်အပြီးတွင် ခရီးသွားဝါသနာပါသော ဗွန်ဂလတ်ဆင်နက်ပ်သည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံအနှံ့အပြားတွင် အိန္ဒိယအကြောင်းရပ်များကို လူကြိုက်များအောင် ဟောပြောပွဲများ ရာနှင့်ချီ၍ ပြုလုပ်ခဲ့ပေသည်။ လူအများအပြားသည် သူ့ကြောင့် အိန္ဒိယဗေဒနှင့် ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာကြပေသည်။ သူကိုယ်တိုင်ကမူ တစုံတဦးအား ဆွဲဆောင်ရန် ရည်ရွယ်ချက် မရှိကြောင်း ငြင်းဆိုပေသည်။ သူသည် ၁၉၆၃ ခုနှစ်တွင် မော်တော်ယာဉ်မှောက်ရာ၌ ကွယ်လွန်သွားလေသည်။

ဗွန်ဂလတ်ဆင်နက်ပ် ရုတ်တရက် ကွယ်လွန်သွားသည့်နောက်ပိုင်းတွင် ဖော်ပြခဲ့သော လက်ရာများကို ယှဉ်မှီနိုင်လောက်သောကျမ်းများကို ဂျာမန်၊ အိန္ဒိယဗေဒပညာရှင်များ ပြုစုထုတ်ဝေခြင်း မရှိခဲ့ပေ။ သို့ရာတွင် ထိုပုဂ္ဂိုလ်များသည် ပျင်းရိဖင့်နွှဲနေခဲ့ကြသည်ကား မဟုတ်ပေ။ သူတို့သည် သတင်းစာ၊ ဂျာနယ်အနှံ့အပြားတွင် အသေးစိတ်ပြဿနာများနှင့် ပတ်သက်၍ သုတေသနစာတမ်းပေါင်းများစွာကို ထည့်သွင်းဖော်ပြခဲ့ကြ၍ အချို့မှာ ဗုဒ္ဓဘာသာအတွက် လူကြိုက်များသော တင်ပြချက်များ ဖြစ်ပေသည်။

ဝုလ်ဖ်ဂန်ရှူးမင်း၏ "ဗုဒ္ဓဘာသာ လွတ်မြောက်မှုဒဿန" (၁၉၆၃) စာအုပ်၊ ဧဒွပ် ကွန်ဇီ၏ "ဗုဒ္ဓဘာသာ" စာအုပ်နှင့်မတူပဲ ဟိနယာနနှင့်

မဟာယာနတို့ကို အထူးသတိထား၍ ခွဲခြားပိုင်းကန့်၍ ဖော်ပြထားလေသည်။ စာရေးသူ၏ ဖော်ပြလိုရင်းမှာ မဟာယာန၏ အခြေခံ ကျောရိုးဖြစ်သော သဘာဝလောကဓာတ်၏အတွင်းနှင့် အခြားမဲ့၌ ထာဝရတည်နိုင်သည်ဟု ယူဆသော ပရမတ္ထဘာဝ ခံယူချက်မှတပါး အခြားသော မဟာယာန သွင်ပြင်လက္ခဏာများကို ဟိနယာနကျမ်းဂန်များတွင် ထောက်ဆ တွေ့မြင်နိုင်ပုံကို ပြလိုရင်းပင် ဖြစ်ပေသည်။ ထိုစာအုပ်သည် ပါဠိနှင့် သက္ကတတွင် တူညီနေသော ဓမ္မနှင့် ဓရ်မ, နိဗ္ဗာနနှင့် နိရ်ဝါနနှင့် အခြားစကားလုံးများသည် ဘာသာအယူဝါဒနှစ်မျိုးလုံးတွင် အဓိပ္ပါယ်တမျိုးတည်း ထပ်တူသုံးစွဲခြင်းမရှိတတ်ပုံကို ဖော်ပြပေသည်။

ဒီတာရှလင်လောဖ် (၁၉၂၀ ခုနှစ်ဖွား) သည် သူ၏ "ဗုဒ္ဓဘာသာအယူဝါဒ" (၂ တွဲ၊ ၁၉၆၂-၆၃)တွင် သူရေးရင်းအကြောင်းရပ်ကို လူမှုရေးအမြင်ရှုဒေါင့်မှ သုံးသပ်ထားပေသည်။ သံဃာတော်နှင့် လူဝတ်ကြောင်တို့အပြန်အလှန်ဆက်သွယ်မှု အခါအားလျော်စွာ လူတို့က သံဃာတို့အပေါ်၌ သဘောထားပုံ အပြောင်းအလဲစသည်တို့ကို သူ၏စာအုပ်တွင် ပေါ်လွင်အောင် ရေးသားထားပေသည်။

## ကန္တာရလေ့လာမှုများ

ဂျာမန်-အိန္ဒိယဗေဒပညာရှင်အနည်းအပါးမျှသာလျှင် ကန္တာရဘာသာဖက်သို့ ဦးလှည့်ကြပေသည်။ ဂျာမန်ဘာသာရေး စာအုပ်များကို အလွယ်တကူပင် စာရင်းချနိုင်ပေသည်။ အဲလ်ဘတ်ဂရုအင်ဝီဒဲလ်၏ "တိဗက်နှင့်မွန်ဂိုလီယာဗုဒ္ဓဘာသာတန်ခိုးရှင်ပုံပြင်များ" (၁၉၀၀) သည် တိဗက်လာမာရုပ်ပွားများနှင့် ပတ်သက်သော အနောက်တိုင်းဘာသာနှင့်ရေးသည့် ပထမဆုံးစာအုပ်ပင် ဖြစ်ပေသည်။ ဟဲလ်မွတ်ဗွန်ဂလတ်ဆင်နက်ပ်၏ "ဗုဒ္ဓဘာသာဆန်းကြယ်မှုများ" (၁၉၄၀) နှင့်ဟဲလ်မွတ်ဟော့ဖ်မန်း၏ 'တိဗက်ဘာသာများသမိုင်း' (၁၉၅၆) နှင့်

"တိဗက်ဘာသာများနှင့် ကိုးကွယ်ရှင်ဝါဒ၏ အမှတ်လက္ခဏာများ" (၁၉၆၇) ဟူသော စာအုပ်နှစ်အုပ်တို့ပင် ဖြစ်ပေသည်။ အနောက်နိုင်ငံသား ဗုဒ္ဓဘာသာဝင်များအပေါ်တွင် အတော်အတန်ဝင်ဆံ့သည့် အခြားဂျာမန်စာအုပ်တအုပ်မှာ လာမာအနာဂါရိကဂေါဝိန္ဒ၏ "တိဗက်အဘိညာဉ်ဝါဒအခြေခံ" (၁၉၅၆) ဖြစ်ပေသည်။

လာမာဂေါဝိန္ဒ (၁၈၉၈) ခုနှစ်ဖွား၏ အမည်ရင်းမှာ အန်စ်တ်လိုသာ ဟော့ဖ်မန်းဖြစ်၍ သူသည် ထောက်ချာနီဆောင်းသော တိဗက်ကာဂယုတ်ပ ရဟန်းဂိုဏ်းဝင် ဖြစ်ပေသည်။ ၁၉၅၂ ခုနှစ်တွင် သူသည် အရယမေတြေယ (အရိမေတ္တေယျ) မဏ္ဍလ အနောက်ဖက်ဂိုဏ်းကို ထူထောင်လေသည်။ ဥရောပနှင့် အမေရိကန်တွင် အဖွဲ့ဝင် အတန်အသင့် စုဆောင်းနိုင်ခဲ့လေသည်။

## ဂျာမန်တက္ကသိုလ်များတွင် ဗုဒ္ဓဘာသာဆိုင်ရာ မျက်မှောက်လေ့လာမှုများ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံတွင် တက္ကသိုလ်များ၌ ပါဠိနှင့်အိန္ဒိယ ဝေဒလေ့လာရေးပါမောက္ခဌာနပေါင်း ၁၇-ခု ရှိနေပေသည်။ ၄-ဌာနတွင် အထူးသဖြင့် ဗုဒ္ဓဘာသာကို သုတေသနပြုလျက် ရှိကြပေသည်။

ပါမောက္ခ အူးလ်ရစ်ရှနီဒါ (ဖရိုက်ဘတ်တက္ကသိုလ်) နှင့် ဖရင့်ရစ်ချတ်ဟမ်း (ဘွန်းတက္ကသိုလ်) တို့သည် ပါဠိဘာသာ၌သာ အထူးစိတ်ဝင်စားပေသည်၊ ၁၉၆၃ ခုနှစ်တွင် ပါမောက္ခဟမ်းသည် ခေတ်ပေါ်ပိဋကတ်ပုံနှိပ်ထုတ်ဝေချက်အချို့၏ အားထားဖွယ်ခိုင်လုံမှုကို စစ်တမ်းထုတ်သည့်စာတမ်းကို ထုတ်ဝေခဲ့လေသည်။ သူ၏ အချုပ်ဖော်ပြချက်အရ အခိုင်မာဆုံးသောမူမှာ ရန်ကုန်မြို့

ဗုဒ္ဓဘာသာ သာသနာအဖွဲ့မှ ၁၉၅၄-၅၆ တွင် ထုတ်ဝေသည့် ဆင္ဃသင်္ဂါယနာမူ အတွဲ(၄၀)ပါရှိသော ပိဋကတ်တော်များ ပင်ဖြစ်ကြောင်း တွေ့ရှိရပေသည်။ ယင်းပိဋကတ်တော်များကို ပီသထင်ရှားသော မြန်မာအက္ခရာများနှင့် ပုံနှိပ်၍ အကျအပေါက် အလွန်နည်းပေသည်။ အနောက်တိုင်း ပုဒ်ဖြတ်ပုဒ်ပိုဒ်များ ကြောင့် ရှင်းလင်းသိသာလွယ်စေသည်။ မူကွဲများကို အောက်ခြေမှတ်ချက်ဖြင့် ဖော်ပြထား၍ အလွန်အဖိုးတန်လှပေသည်။ သို့ရာတွင် အရေအတွက်အားဖြင့် ကား မများလှပေ။ ပါမောက္ခတမ်းဘည် မြန်မာတို့၏ ပါဠိတတ်ကျွမ်းမှုကို အထူးပင်ချီးကျူးပေသည်။ သူ့အဆိုအရ ပါဠိအလွန်ခန့်ညား၍ အပြစ်အနာ ကင်းစင်လှသည်ဟု ဆိုပေသည်။

ဂျာမနီနိုင်ငံတွင် ပါမောက္ခဝါလ်ရှမစ်လက်ထက်ကတည်းက ဗုဒ္ဓဘာသာ လေ့လာမှုတွင် အဓိကမဏ္ဍိုင်ဖြစ်သော ဂိုတင်ဂျင်တက္ကသိုလ်တွင် သက္ကတ ဘာသာဌာနကို ပါမောက္ခ ဟိန်းဇ်ဘက်ချက်က ရှက်ဆောင်ဦးစီးလေသည်။ ဗုဒ္ဓဘာသာအကြောင်းရပ်နှင့် ပတ်သက်သောစာတမ်းများနှင့် အခြားစာအုပ် များအပြင် အတွဲနှစ်တွဲပါရှိသော "ထေရဝါဒနိုင်ငံများရှိ နိုင်ငံတော်နှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ဗုဒ္ဓဘာသာ" (၁၉၆၆–၆၇)ကို ထုတ်ဝေခဲ့လေသည်။ ယင်းမှာ သီရိလင်္ကာ၊ မြန်မာ၊ ကမ်ပူချား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ များတွင် လူမှုအသိုက်အဝန်းနှင့် နိုင်ငံရေးအပေါ်တွင် ထေရဝါဒ ဗုဒ္ဓ ဘာသာ၏ သက်ရောက်မှုကို စာအုပ်စာတမ်းနှင့် မှိုငြမ်းပုဂ္ဂိုလ် အများအပြား တို့ထံမှ ကျနသေချာစွာ စူးစမ်းလေ့လာ ပြုစုထားခြင်း ဖြစ်လေသည်။ ထိုစာအုပ်က ဂျာမန်-အိန္ဒိယ ဗေဒပညာရှင်များသည် အတိတ်အကြောင်းအရာ မျှသာမက လက်ရှိအာရှတိုက်နိုင်ငံများ၏ အခြေအနေများကိုပါ စိတ်ဝင်စား ကြောင်း သာဓကပြလိုက်ပေသည်။

ဂျာမနီနိုင်ငံတွင် ပထမဆုံးအမည်ခံယူသော ဗုဒ္ဓဘာသာလေ့လာရေး ပါမောက္ခဌာနကို ၁၉၆၆ ခုနှစ်က ဟမ်းဘတ်တက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့ပေ သည်။ ထိုဌာနကို ဦးစီးခဲ့သူမှာ ဖရန့်ဇ်ဂျိုးဆက်ဘန်းဟတ်ပင် ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည် ဥဒါနဝဂ်နှစ်တွဲကို ထုတ်ဝေခဲ့လေသည်။ ပါမောက္ခဘန်းဟတ်

သည် လာမာယဉ်ကျေးမှု ထွန်းကားရာဒေသများသို့ တတိယအကြိမ် ခရီးထွက်ရာတွင် နီပေါလ်နိုင်ငံ မုစတန်မြို့၌ ၁၉၇၁ ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။ သူ၏စီမံချက်များကို ပူးတွဲဆောင်ရွက်သူများက ဆက်လက်သုတေသနပြုကြလိမ့်မည်ဖြစ်ပေသည်။

## ဘာသာအယူ နှိုင်းယှဉ်လေ့လာသူများ၏ ဗုဒ္ဓဘာသာပေါ်အမြင်

ဗုဒ္ဓဘာသာ၏သမိုင်းနှင့် သဘောတရားကိုယ်ကို သုတေသနပြုလုပ်မှုမှာ ဂျာမန်-အိန္ဒိယ ဗေဒပညာရှင်ကြီး မတ်စ်မူလာ (၁၈၂၃-၁၉၀၀) က ၁၈၆၇ ခုနှစ်တွင် တက္ကသိုလ်သင်ရိုးသင်တန်းတွင် ထည့်သွင်းခဲ့သော ဘာသာအယူဝါဒများ နှိုင်းယှဉ်လေ့လာရေးဌာန ဒုတိယဌာနခွဲတခု၏ လုပ်ငန်း တာဝန်ပင် ဖြစ်ပေသည်။ မတ်စ်မူလာသည် အောက်ဇဖို့ဒ်တက္ကသိုလ်တွင်နှစ်ပေါင်းများစွာပို့ချခဲ့၍ "အရှေ့တိုင်းကျမ်းမြတ်များ" အတွဲ ၅၀ ကို တည်းဖြတ်ခဲ့သူ ဖြစ်ပေသည်။ သူကွယ်လွန်ပြီးနောက်မှ ထိုအဆင့်အတန်းအတိုင်း ဆွဒင်၊ ဒတ်ချ်နှင့် ဂျာမန်ပညာရှင်များက ခရစ်ယန်ဘာသာမှအပဖြစ်သော ဘာသာဝါဒများကို သုံးသပ်ထိုင်တွေ့လာခဲ့ကြပေသည်။ ထင်ရှားသော ဂျာမန်ပုဂ္ဂိုလ်ကြီးများ၏ အမည်မှာ ရုဒေါ့ဖ်အော့တို (၁၈၆၉-၁၉၃၇)၊ ဖရက်ဒရစ်ဟေးလာ(၁၈၉၂-၁၉၆၇)နှင့် ဂတ်တ်စ်တောဗ်မင်းရှင်း(၁၉၀၁ ခုနှစ်ဖွား) တို့ ဖြစ်ပေသည်။

အခြားသော ရှေးသုံးဖြစ်သည့် ကိုးကွယ်မှု "ဘာသာအယူဝါဒ" ဆိုသောစကားလုံးမှာ ကြေဝင္ခာကိုလွှမ်းခြုံသော ဇာယာရနီမှာန ဖန်ဆင်းရှင်အား ယုံကြည်မှုကို အမှီပြုသည့် ဘာသာအယူဝါဒကိုသာ ခေါ်တွင်သမုတ်ပေရာ ထိုစကားတွင် နတ်တန်ခိုးရှင်တဦး သို့မဟုတ် အများမှာ ဝိသေသ

အနည်းငယ်သာဆောင်သည့် ဗုဒ္ဓဘာသာကို ဖယ်လှစ်ထားပေသည်။ အောက်တိုက ဝေါဟာရအနက် ဖွင့်ပေသည်။

"ကိုးကွယ်မှုဘာသာအယူဝါဒဆိုသည်မှာ ပုဂ္ဂလိက ဖြစ်စေ၊ ယေဘုယျဖြစ်စေ၊ အတွင်းထိတွေ့မှုနှင့် တွေ့ဆိုင်ခြင်းတရပ်ဖြစ်၍ ယင်းထိတွေ့ခံစားမှုကို လူကတုံ့ပြန်သော အမူအရာပင်ဖြစ်သည်။ အဆင့်မြင့်ပရမတ်သဘောနှင့် ထိတွေ့ခံစားမှုကြောင့် တုံ့ပြန်မှုသဘာဝပါ နှစ်ရပ်လုံးသည် (စာရိတ္တဝိနည်းလိုက်နာခြင်း) ရှိခိုးပူဇော်ခြင်း၊ ပူဇော်ပွဲကျင်းပခြင်း၊ ဘာဝနာပွားခြင်း၊ ဆုတောင်းဝတ်ပြုခြင်း စသည်မှာကဲ့သို့ အညီအမျှ အရေးပါပေသည်။ ဤအခြင်းအရာနှစ်ရပ်အနက် တရပ်ရပ်ကင်းမဲ့နေလျှင် ကိုးကွယ်မှုဘာသာဟူ၍ မဖြစ်ပေါ်လာနိုင်ပေ"။

"ဗုဒ္ဓဘာသာကမ္ဘာ့ဌာန်းအားထုတ်ခြင်း"(၁၉၂၂)စာအုပ်ကို ထုတ်ဝေခဲ့သော ဟေးလာနှင့်ဗုဒ္ဓဘာသာကို စွဲမက်ဆုံးဖြစ်၍ ဗုဒ္ဓဓမ္မအကြောင်း စာအုပ်များစွာ ရေးသားပြုစုခဲ့သော မင်းရှင်းတို့က ကိုးကွယ်မှုဘာသာတရားဆိုင်ရာအထူးဝေါဟာရအားလုံးကို ဖွင့်ဆိုခဲ့၍ ယင်းသို့ဖွင့်ဆိုရာတွင် ဘာသာအယူဝါဒချင်း နှိုင်းယှဉ်လေ့လာမှုကို အထူးတလည် တိကျပြတ်သားအောင် ဖော်ပြခဲ့ပေသည်။ မင်းရှင်း၏စာအုပ်များတွင် "ဗုဒ္ဓဘာသာ၏နာမ်လောက" စာအုပ်လည်း ပါဝင်လေသည်။ မင်းရှင်းက ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ တူညီမှုဆောင်သည်ဟူသောစကားမှာ အပေါ်ယံအပယိကမျှသာ ဖြစ်သည်ဟု အခိုင်အမာဆိုခဲ့ပေသည်။ သူသည် အဓိကအုပ်စုနှစ်စုကို တင်ပြပေသည်။ ယင်းတို့မှာ တမန်တော်ဘာသာစုနှင့် နက်နဲဆန်းကြယ်သော ဘာသာစုတို့ ပါဝင်ပေသည်။

တမန်တော်ဘာသာစု(ယုဒဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်)သည် လူသားအား လောကကြီးကို ပြုပြင်ပြောင်းလဲစေချင်အောင် ဖန်တီး၍ ဤသဘောထားဖြင့် လူ၏အပြုအမူကို စေ့ဆော်ပေသည်။ တဖက်တွင် နက်နဲဆန်းကြယ်သောဘာသာစု(ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ လာအိုဘာသာ)သည် အခြေခံအားဖြင့် လောကကြီးကို ပြောင်းလဲ၍မရ၊ မိမိ၏စိတ်ကို လောက

ပရမတ္ထတရားနှင့် ဘဝနိယာမတရားတို့နှင့် ဟပ်စပ်အောင်သာ နှလုံးသွင်းရန် သင်ပြပေသည်။ ယင်းဘာသာတို့သည် အရိယာသူတော်စင်ကို ဦးတည်စံတင်၍ ပြပေသည်။ သို့ရာတွင် ဘာသာဝင်အများက ဘဝကို ဥပေက္ခာပြုရန် တိုက်တွန်းသည်ဟု သဘောထားကြပေသည်။ မည်သည့်ဘာသာစု၏ ဦးတည်ချက် အနှစ်သာရက သာလွန်သည်ဟု ဆုံးဖြတ်ရန် အတိုင်းအတာစံဟူ၍ မရှိကြောင်း မင်းရှင်းက သူ၏စာအုပ်တွင် အခိုင်အမာ ဆိုထားပေသည်။

## "ဂျာမနီနိုင်ငံတွင် ဗုဒ္ဓဘာသာကြိုးပမ်းမှုများ"

### ကနဦးအစ

ဂျာမနီနိုင်ငံတွင် ပထမဆုံး ဗုဒ္ဓဘာသာအဖွဲ့အစည်းဖြစ်သည့် ဂျာမနီနိုင်ငံ ဗုဒ္ဓသာသနာပြုအဖွဲ့သည် ၁၉၀၃ ခုနှစ် ဩဂုတ်လတွင် စတင်ပေါ်ထွက်ခဲ့ပေသည်။ ထိုအဖွဲ့ကို ကာလ်ဆေဒင်စတုကား(၁၇၇၆-၁၉၃၆) က လိုက်ပဇစ်မြို့တွင် စတင်တည်ထောင်ခဲ့ပေသည်။ ထိုပုဂ္ဂိုလ်သည် ပရတ်မြို့တွင် ပါမောက္ခ ရစ်ဇ်ဝင်တာနစ်ဇ်ထံ၌ အိန္ဒိယဗေဒပညာရပ်ကို လေ့လာသင်ကြားခဲ့ပေသည်။ ယင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာဂျာမနီနိုင်ငံ၌ ပြန့်ပွားရန်နှင့် ဗုဒ္ဓဘာသာ လေ့လာသင်ကြားမှု တိုးတက်ဖွံ့ဖြိုးရန်ပင် ဖြစ်ပေသည်။ ၁၉၀၅ ခုနှစ်တွင် ဆေဒင်စတုကားသည် "ဗုဒ္ဓဘာသာ" အမည်ရှိ လွတ်လပ်သော လစဉ်စာစောင်ကို စတင်ထုတ်ဝေ၍ ဗုဒ္ဓဘာသာဆိုင်ရာ သက်သက်ချည်းသာ ရေးသားထုတ်ဝေပေသည်။ အနောက်နိုင်ငံများတွင် ပထမဆုံး စတင်သော ဗုဒ္ဓဘာသာလစဉ်စာစောင် ဖြစ်ပေသည်။

၁၉၀၅ ခုနှစ်တွင် ထိုအဖွဲ့သည် ဘာလင်မြို့၌ အဖွဲ့ခွဲတခုတည်ထောင်၍ နောက်တနှစ်တွင် ဂျာမနီဗုဒ္ဓဘာသာအသင်းဟူသောအမည်သို့ ပြောင်းလဲခဲ့ပေသည်။ စုစုပေါင်း အဖွဲ့ဝင်(၅၀)မျှရှိ၍ စာစောင်မှာကြားသူ (၅၀၀) ခန့်

ရှိသော်လည်း ရှင်သန်ဖွံ့ဖြိုးခြင်း မရှိခဲ့ပေ။ စာစောင်ကို ရပ်ဆိုင်းထားခဲ့ရပြီး ၁၉၁၀ ပြည့်နှစ်တွင် နောက်ဆုံးထုတ်ဝေပြီးနောက် စာစောင်ကို ပိတ်လိုက်ရပေသည်။ သို့ရာတွင် အသင်းကား ဆက်၍ရပ်တည်ခဲ့လေသည်။

## ပထမ ဂျာမန်ရဟန်းတော်များ

ဗုဒ္ဓဘာသာရဟန်းဘောင်သို့ တက်ရောက်ခဲ့သော ပထမဆုံး ဥရောပတိုက်သားမှာ ဗြိတိသျှအမျိုးသား အဲလန်ဘင်နက်မက်ဂရိဂါ ဆိုသူဖြစ်၍ ၁၉၀၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဥပသမ္ပဒကံဆောင်ကာ အရှင်အာနန္ဒာ မေတ္တေယျဘွဲ့ကို ခံယူလေသည်။ ၁၉၀၃ ခုနှစ် စက်တင်ဘာလတွင် ဂျာမန်အမျိုးသားတဦးက ထိုနည်းတူ ရဟန်းပြုလေသည်။ အန်တွန်ဝေါလ်တာ ဖလောရပ်စ်ဂုသ်(၁၈၇၈-၁၉၅၇)ဖြစ်၍ ၁၉၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ပင် သိမ်ဝင်လေသည်။ ရဟန်းဘွဲ့တော်မှာ အရှင်ဉာဏတိလောက ဖြစ်ပေသည်။

အရှင်ဉာဏတိလောကသည် မူလက တရောဆရာအဖြစ် အသက်မွေးလေသည်။ သီရိလင်္ကာသို့ ခရီးထွက်ရာတွင် ဗုဒ္ဓတရားတော်နှင့်ထိတွေ့ကာ ဘဝလမ်းကြောင်း ပြောင်းခဲ့လေသည်။ ဆရာတော်သည် ပါဠိနှင့်သက္ကတဘာသာများကို သင်ကြားတော်မူ၍ ၁၉၀၅ ခုနှစ်မှာပင် ဆေဒင်စတုကား၏ လစဉ်မဂ္ဂဇင်းတွင် အရှင်၏ပါဠိတော်မှ ပထမဆုံးဘာသာပြန်ဖြစ်သော စာမူတပုဒ်ကို ထည့်သွင်းနိုင်ခဲ့လေသည်။ နောက်တနှစ်တွင် "ဗုဒ္ဓစကားတော်" စာအုပ်ကို ထုတ်ဝေခဲ့ရာ နှစ်ပေါင်း(၆၀)အတွင်း စောင်ရေများစွာ ရိုက်နှိပ်ခဲ့ရ၍ ဂျာမန်ဘာသာအပြင် အခြားဘာသာစကား(၁၀)မျိုးနှင့် ပြန်ဆိုခဲ့ရပေသည်။

အရှင်ဉာဏတိလောက ရဟန်းဘောင်သို့ တက်ရောက်ပြီးနောက် အခြားဂျာမန်များလည်း အတုလိုက်ကြပေသည်။ ဖရစ်စတန်ဂိ (အရှင်သုမန) နှင့်

ဝေါ်လ်တာမတ်ဂရတ်ဖ် (မေဓာဝီသာမဏေ) တို့သည် ရှေ့ဆင့်နောက်ဆင့် ပင် ဖန်ဝါသက်နီး ဆင်မြန်းခဲ့ကြပေသည်။ မတ်ဂရတ်ဖ်နှင့် အရှင်ဉာဏတိလော ကတို့သည် ၁၉၀၈ ခုနှစ်တွင် အာရှနှင့် ဥရောပတိုက်ရှိ ဗုဒ္ဓဘာသာဝင်များ အား ဥရောပတိုက်တွင် ဝိဟာရကျောင်းတော်ထူထောင်ရန် အလှူငွေနိုးဆော် ကောက်ခံခဲ့ကြပေသည်။ အလှူတော်ငွေများမှာ မျှော်မှန်းသလောက် မရရှိ သဖြင့် မတ်ဂရတ်ဖ်သည် ဂျာမန်သို့ ထိုလုပ်ငန်းထမြောက်အောင် ဆောင်ရွက် ရန် ပြန်ကြွခဲ့လေသည်။

၁၉၀၉ ခုနှစ်တွင် ဘရက်စ်လောမြို့တွင် ပုံနှိပ်တိုက်တည်ထောင်၍ ဗုဒ္ဓ လောကအမည်ဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ ဂျာမန်ဘာသာ လစဉ်မဂ္ဂဇင်းကို ထုတ် ဝေခဲ့လေသည်။ စာတည်းများမှာ ဆေဒင်စတုကားနှင့် ဝုလ်ဖ်ဂန်ဘုန်း တို့ ဖြစ်ပေသည်။ နှစ်ဦးစလုံး ဗုဒ္ဓဘာသာကိုင်းရှိုင်းကြသူများဖြစ်၍ ဒုတိယပုဂ္ဂိုလ် မှာ ဆရာဝန်အဖြစ် အသက်မွေးသူ ဖြစ်ပေသည်။ ၁၉၀၉ ခုနှစ်မှာပင် ဂျာမန် ပါဠိအသင်းကို ထူထောင်ကာ အနောက်တိုင်း ဝိဟာရဖြစ်မြောက်ရေးကို ဆက်လက်ကြိုးပမ်းကြပေသည်။ ထိုအကြံအစည် ဆောလျင်စွာထမြောက်စေ ရန် အရှင်ဉာဏတိလောကသည် ၁၉၁၀ ပြည့်နှစ်တွင် ဥရောပတိုက်သို့ ကြွချီ ပြီး၊ အဲလ်စ် တောင်တန်းဒေသတွင် ပြင်သစ်အမျိုးသား အင်ဂျင်နီယာတဦး ဆောက်လုပ်လှူဒါန်းသော စရိတဝိဟာရတွင် သီတင်းသုံးတော်မူသည်။ ဆွစ်ဇာလန်နိုင်ငံ လော်ဆိန်းမြို့နှင့်နီးသဖြင့် အခြားဂျာမန်အမျိုးသားများလည်း ပဗ္ဗဇ္ဇရဟန်း ခံကြပေသည်။ ၁၉၁၁ ခုနှစ်တွင် ဥရောပကျောင်းတော်ထူထောင် ရန် အချိန်စောသေးသည်ဟု သဘောရ၍ သီရိလင်္ကာနိုင်ငံသို့ ပြန်ကြွပြီး ကျွန်း မြတ်ရိပ်သာကို ပေါလ်ဂတ်စ်ဒုဝတွင် ထူထောင်သီတင်းသုံးတော်မူလေသည်။ ထိုကာလအတွင်း ဂျာမန်အမျိုးသားများစွာကိုပင် သာသနာ့ဘောင်သို့ သွတ် သွင်းခဲ့ပေသည်။

၁၉၅၇ ခုနှစ်တွင် အရှင်ဉာဏတိလောက ပျံလွန်တော်မူသောအခါ သီတင်းသုံးဖော်များနှင့် တပည့်ဒကာတို့က ပေါလ်ဂတ်စ်ဒုဝတွင် အထိမ်း အမှတ်တခုကို ထိုက်တန်စွာ စိုက်ထူပူဇော်ခဲ့ကြပေသည်။ ဆရာတော်၏ ကျောင်း

ကလေးမှာလည်း ပကာဘိအတိုင်း ကောင်းမွန်စွာ တည်ရှိနေပေသည်။ သီရိလင်္ကာသို့ ရောက်ရှိလာသော ဂျာမန်ဗုဒ္ဓဘာသာဝင်များအတွက် စေတီတော်ပင်ဖြစ်ပေသည်။

## အဖွဲ့အစည်းအသစ်များ

ဥရောပတိုက်တွင် ဝိဟာရကျောင်းတော်တည်ဆောက်ရေးမှာ အကောင်အထည်ပေါ်မလာသော်လည်း ဂျာမန်ဗုဒ္ဓဘာသာဝင်များကား စိတ်ပျက်လက်လျော့ခြင်း မပြုကြချေ။ အရှင်ဉာဏတိလောကသည် ကျွန်းမြတ်ရိပ်သာတွင် သီတင်းသုံးတော်မူစဉ် ဂျာမန်ဗုဒ္ဓဘာသာဝင်များအား သီရိလင်္ကာသို့ အာရုံစိုက်စေခဲ့သည်ဖြစ်ရာ ယင်းတို့သည် သီရိလင်္ကာအား စည်းရုံးရေးတွင် ဦးဆောင်မှုပေးရန် မျှော်လင့်အားထားကြ၍ ၁၉၁၁ ခုနှစ်မှာပင် လိုက်ပဇစ်မြို့၌ မဟာဗောဓိအသင်း၊ ဂျာမန်အသင်းခွဲကို ထူထောင်ခဲ့ကြပေသည်။

၁၈၉၁ ခုနှစ်က ကိုလံဗိုမြို့တွင် အနာဂါရိက ဓမ္မပါလ က မဟာဗောဓိအသင်းကို စတင်တည်ထောင်ခဲ့၍ ဗုဒ္ဓဘာသာ သာသနာတော်ကို ယုံကြည်လေးမြတ်သော ဥပါသကာများနှင့် ဓမ္မမိတ်ဆွေများအား လူမျိုး, ဂိုဏ်းဂဏမခွဲမခြားပဲ ဝင်ထွက်ခွင့် ပြုထားခဲ့ပေသည်။ ဂျာမန်မဟာဗောဓိအသင်းခွဲတွင် ဗုဒ္ဓဘာသာကို လေ့လာရုံသာမက ဗုဒ္ဓဓမ္မကို တသက်ပတ်လုံး လိုက်နာကိုးကွယ်ဆည်းကပ်လိုသူများ၏ အသင်းအဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့လေသည်။

၁၈၈၈ ခုနှစ်တွင် သုဘဒ္ဒဘိက္ခုအမည်ဖြင့် ဗုဒ္ဓဘာသာဝါဒစာအုပ်ကို ထုတ်ဝေခဲ့သော ဖရိုက်ဒရစ်ဇင်မာမန်း (၁၈၅၁-၁၉၁၇) ကို အသင်း၏ပထမဆုံးဉက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ကြပေသည်။ ကားလ်ဆေဒင်စတုကာမှာ

အတွင်းရေးမှူးဖြစ်၍ ချက်ချင်းပင် "ဗုဒ္ဓဘာသာအမြင်" စာစောင်ကို ဆက်လက်ထုတ်ဝေလေသည်။ ယင်းကို ၁၉၀၇ ခုနှစ်က စတင်ထုတ်ဝေခဲ့ပေသည်။ ၁၉၁၂ ခုနှစ်တွင် "မဟာဗောဓိရှက်လ္ဘာ" ဟူသောအမည်သို့ ပြောင်းလဲခဲ့ပေသည်။ ၁၉၁၆ ခုနှစ်အထိ ပုံမှန်ထုတ်ဝေနိုင်ခဲ့ပေသည်။

ထိုအချိန်တွင် ဂျာမန်ပါဠိအသင်းသည် အခြေအနေမဟန်နိုင် ဖြစ်လာခဲ့လေသည်။ ၁၉၁၃ ခုနှစ်တွင် အသင်းနှစ်ခြမ်းကွဲ၍ ဗုဒ္ဓဘာသာလောကအသင်း ပေါ်ထွက်လာခဲ့ပေသည်။ ထိုအသင်းသည် ပါဠိလေ့လာမှု ဖွံ့ဖြိုးတိုးတက်စေရန်သာမက၊ ဗုဒ္ဓဘာသာတရားကို လက်ငင်းကျင့်သုံးရန် အရေးကြီးပုံကိုပါ အလေးအနက်ထားကြပေသည်။ ယင်းသည် ထေရဝါဒကိုသာ ကွက်၍ အာရုံစိုက်ပေသည်။ တည်ထောင်သူနှင့်ဥက္ကဋ္ဌမှာ ဝုလ်ဖ်ဂန်ဘုန်းဖြစ်၍ အတွင်းရေးမှူးမှာ အော့စကာရှလော့ ဖြစ်လေသည်။ အသင်းခွဲများကို ဘာလင်၊ ဟမ်းဘတ်နှင့် မျူးနစ်မြို့များတွင် ဖွင့်လှစ်လေသည်။ ထိုအသင်းမှ ဗုဒ္ဓဘာသာဂျာနယ်တစောင်ကိုလည်း ထုတ်ဝေခဲ့လေသည်။ ၁၉၁၄ ခုနှစ်တွင် ပိတ်လိုက်ရပြီး ၁၉၂၀ ပြည့်နှစ်တွင် ပြန်၍ထုတ်ဝေပေသည်။

၁၉၁၄ ခုနှစ်တွင် စစ်ကြီးဖြစ်လာသဖြင့် သီရိလင်္ကာရှိ ဂျာမန်ရဟန်းတော်များကိုလည်း ထိခိုက်ပေတော့သည်။ ၁၉၁၅ ခုနှစ်တွင် ရဟန်းများဖမ်းဆီး၍ ဩစတေးလီးယားနိုင်ငံသို့ ပို့၍ ထိုမှ တပါးချင်း တပါးချင်းပြန်၍ လွှတ်လေသည်။ အရှင်ဉာဏတိလောကသည် မိမိနိုင်ငံရင်းသို့ ၁၉၁၈ ခုနှစ်တွင် ပြန်ကြွလေသည်။ ဩစတေးလီးယားနှင့် ဂျပန်နိုင်ငံတွင် သီတင်းသုံးနေခဲ့စဉ် အင်္ဂုတ္တရနိကာယ်ကို ဂျာမန်ဘာသာသို့ (၅ တွဲ၊ ၁၉၂၂-၂၃) ပြန်ဆိုတော်မူခဲ့လေသည်။ ၁၉၂၆ ခုနှစ်အထိ သီရိလင်္ကာသို့ ပြန်ကြွခွင့်မပေးချေ။ သီရိလင်္ကာတွင် ကျွန်းမြတ်ရိပ်သာကို ပြန်လည်ထူထောင်ရာ မကြာမြင့်မီပင် ဂျာမန်ရဟန်းတော်များအတွက် အချက်အချာဌာန ဖြစ်လာခဲ့ပေသည်။ ၁၉၃၆ ခုနှစ်တွင် အရှင်ဉာဏတိလောကကို ထိုက်တန်စွာ ဆက်ခံမည့်ပုဂ္ဂိုလ်တဦး သီရိလင်္ကာတွင် ရဟန်းဘောင် ဝင်ရောက်ခဲ့ပေသည်။ ထိုပုဂ္ဂိုလ်သည် အရှင်ဉာဏပုဏ္ဏိကဘွဲ့ကို ခံယူတော်မူလေသည်။

## စစ်ကြီးနှစ်ပွဲအတွင်း ကြားကာလ

ပထမကမ္ဘာစစ်အပြီးတွင် ဂျာမန်ဗုဒ္ဓဘာသာလောကတွင် အမည်သစ်များ ပေါ်ထွက်လာသည်ကို တွေ့ရပေသည်။ ၁၉၁၈ ခုနှစ်တွင် ဘာလင်မှ ဆရာဝန် ပေါလ်ဒါလ်ခေ(၁၈၆၅-၁၉၂၈)သည် ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ စာအုပ်အများအပြား ရေးခဲ့သူဖြစ်ပြီး၊ ပါဠိဘာသာကို ပြန်ဆိုနိုင်သူအဖြစ် ထင်ရှားခဲ့သူ ဖြစ်ပေသည်။ သူသည် ဗုဒ္ဓဘာသာဂျာနယ်သစ်ကို စတင်ထုတ်ဝေပြီး ၁၉၂၄ ခုနှစ်တွင် "ကောက်သင်းကောက်" အမည်သို့ ပြောင်းလဲ၍ ဗုဒ္ဓဓမ္မ လက်တွေ့သုံးသပ်ရေး စာစောင်အဖြစ် ထုတ်ဝေခဲ့ပေသည်။ သူသည် ဆေးပညာနှင့် သိပ္ပံပညာအခြေခံကို လေ့လာသင်ကြားခဲ့ရသူ ဖြစ်သည့်အတိုင်း ယင်းပညာကို အသုံးပြု၍ ဗုဒ္ဓဩဝါဒများကို သိပ္ပံသဘောဖြင့် တင်ပြကာ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည်တို့မှာ လောကသဘာဝ နိယာမများသာ ဖြစ်ကြောင်းကို အလေးအနက် ရှင်းလင်းတင်ပြခဲ့ပေသည်။ သူသည် ၁၉၂၄ ခုနှစ်တွင် ဘာလင်ဖရိုနောအရပ်၌ ဗုဒ္ဓဘာသာဂေဟာကို ဖွင့်လှစ်ခဲ့ပေသည်။ ဆက်ထားသော အဆောက်အဦများ ပါဝင်၍ ပန်းခြံကြီးဖြင့် ဝိုင်းရံထားပေရာ စစ်ကြီးနှစ်ကြိမ်အကြားကာလတွင် ဂျာမနီနိုင်ငံ၌ ကြီးကျယ်ဆုံးသော ဗုဒ္ဓဘာသာ ဗဟိုအချက်အချာဌာန ဖြစ်ခဲ့ပေသည်။ သို့ရာတွင် ဒေါက်တာ ဒါလ်ခေသည် သူ၏ကြိုးပမ်းမှု ဗုဒ္ဓဘာသာဂေဟာ ဝေဆာတိုးတက်သည်ကို မြင်တွေ့မသွားရရှာပဲ ၁၉၂၈ ခုနှစ်တွင် ကွယ်လွန်သွားရာ ဂျာမနီနိုင်ငံ ဗုဒ္ဓဘာသာလောကတွင် ဆုံးရှုံးခြင်းကြီးတရပ် ဖြစ်ခဲ့ပေသည်။ ပြီးခဲ့သည့် စစ်ကြီးတွင် သူ၏ဗုဒ္ဓဘာသာဂေဟာသည် ကံကောင်းထောက်မ၍ မပျက်မစီးပဲ ကျန်ရစ်ခဲ့ပေသည်။

"ဂျာမန်ပါဠိအသင်း" မှာလည်း ဥက္ကဋ္ဌ ဝါလ်တာမတ်ဂရတ်မ်သည် သေနတ်တချက်မျှ မပစ်လိုက်ရပဲ ရှုရှတွင် ကျဆုံးသွားခဲ့သဖြင့် နိဂုံးသတ်သွားလေသည်။ ၁၉၂၀ ပြည့်နှစ်တွင် "ဗုဒ္ဓဘာသာ လောကအသင်း" သည် အသစ်တဖန် ပြန်၍ပေါ်လာပြန်ပေသည်။ ယင်းသည် ဗုဒ္ဓဘာသာနှင့် ဆက်သွယ်သော အကြောင်းရပ်များဖော်ပြသည့် ဂျာနယ်တစောင်ကို ပြန်လည်

ထုတ်ဝေနိုင်သည့် အခြေအနေရှိလာလေသည်။ ယခုအကြိမ်တွင် မျူးနစ် နူဘီဘတ်၌ အောစကာရှလော့စ် တည်ထောင်သော ဗာရာဏသီထုတ်ဝေရေး တိုက်သစ်မှ ထုတ်ဝေလေသည်။ စာစောင်ကို ဝုလ်ဖ်ဂန်ဘုန်းနှင့် လုဒ်ဝစ်အန် ကင်ဘရင်းတို့က တည်းဖြတ်ပေသည်။ မကြာမီမှာပင် ထင်ရှားသော ပါဠိ ပညာရှင် ဝီလ်ဟိမ်းဂိုက်ဂါက တည်းဖြတ်မှုတာဝန်ကို လွှဲယူလိုက်ပေသည်။ ထိုဂျာနယ်သည် ၁၉၂၈ ခုနှစ်အထိ ပေါ်ထွက်၍ ၁၉၃၁ ခုနှစ်တွင် တဖန် ပြန်၍ပေါ်လာပေသည်။

၁၉၂၁ ခုနှစ်တွင် ဂျာမန် မဟာဗောဓိအသင်းခွဲနှင့် ဗုဒ္ဓဘာသာ လောကအသင်းတို့ ပူးပေါင်းလိုက်ကြပေသည်။ အသင်းသစ်တွင် အောစကာ ရှလော့စ် ထုတ်ဝေပေးသည့် "လမ်းကြောင်း" အမည်ရှိ စာစောင်သီးခြားရှိ၍ ၁၉၂၇ ခုနှစ်တွင်ကား ထုတ်ဝေမှုရပ်စဲသွားလေသည်။ ထိုနောက်တွင်ကား အသင်းသည် သီးခြားရပ်တည်မှုပျောက်၍ အခြား ဗုဒ္ဓဘာသာအသင်းများ တွင် ပါဝင်သွားလေသည်။

ဂျာမနီနိုင်ငံ ဗုဒ္ဓဘာသာဝင်အဖွဲ့ကို ၁၉၂၁ ခုနှစ်တွင် မျူးနစ်၌ စတင်ဖွဲ့စည်းပေသည်။ ထိုအဖွဲ့ကို ကာလ်ဆေဒင်စတုကာနှင့် ဂျော့ဂရင်း (၁၈၆၈-၁၉၄၅)တို့က စတင်ထူထောင်ပေသည်။ ဂျော့ဂရင်းသည် တနှစ် ခန့်စော၍ "ဗုဒ္ဓဘာသာလောကကြေးမုံ" လစဉ်စာစောင်ကို စတင်ထုတ်ဝေ ခဲ့ပေသည်။ ၁၉၂၄ ခုနှစ်တွင် အသင်းအမည်ကို "ရတနာမြတ်သုံးပါး ပူဇော်ရာဗုဒ္ဓရိပ်သာ" ဟူ၍ ပြောင်းလဲခဲ့ပေသည်။ ဤသည်မှာ အသင်းသည် ပြင်ပသာသနာပြုရေးကို အာရုံမထား၊ အတွင်းဆည်းကပ်ကိုးကွယ်မှု အသင်း သားများ၏ သဒ္ဓါတရား တိုးပွားမှုတို့ကို အရေးထားကြောင်း ဖော်ပြပေ သည်။ ၁၉၃၃ ခုနှစ်တွင် အာဏာရလာသော ဟစ်တလာ၏ အမျိုးသားဆိုရှယ် လစ်ဂိုဏ်းသားများသည် ထိုအဖွဲ့၏လှုပ်ရှားမှုများကိုတားမြစ်၍ ဂရင်း၏စာအုပ် များကို မီးဆိုက်ပွဲကြီး ဆင်နွဲလိုက်ကြပေသည်။ "သံသရာ" အမည်ရှိ စာအုပ် နှင့် အခြားဂျာမန်ပညာရှင်ကြီးများ ရေးသားသော စာအုပ်ရာပေါင်းများစွာ ကို ခေတ်ဟောင်း ခေတ်ဆွေးစာပေများဟု သမုတ်ကာ မီးပုံရှို့ခဲ့ကြပေ

သည်။ သို့ရာတွင် ဂရင်း၏အဖွဲ့ဝင်များက ဗုဒ္ဓဘာသာဝင်များအဖွဲ့ဟောင်းကို ၁၉၃၅ ခုနှစ်တွင် လျှို့ဝှက်ဖွဲ့စည်းခဲ့ရာ ယနေ့တိုင် တည်ရှိပေသည်။ ထိုအဖွဲ့၏ ဗဟိုဌာနချုပ်မှာ အထက်ဘာဗေးရီးယားနယ် အမ်မာရေအိုင်စပ်ရှိ အူတင်မြို့ ဂရင်း၏ လှူပသောအိမ်ဂေဟာပင် ဖြစ်ပေသည်။

မူလက ကက်သလစ်ရဟန်းပြုလိုသော ဂျော့ဂရင်းသည် ဘာသာရေးဆိုင်ရာ စိတ်မသန့်မှုများကြောင့် ဥပဒေပညာကို ပြောင်းလဲသင်ကြားကာ နောင်သော် တရားသူကြီး ဖြစ်လာလေသည်။ သူသည် ဂျာမန်ဒဿနပညာရှင် အာသာရှိပင်ဟော(၁၇၈၈-၁၈၆၀)၏စာအုပ်များကို ဖတ်ရှုရင်း ဗုဒ္ဓဘာသာကို လမ်းစရရှိသွားခဲ့ခြင်း ဖြစ်ပေသည်။ ရှိပင်ဟောသည် ကမ္ဘာကျော်သွားသော "ဆန္ဒနှင့်စိတ်ကူးကမ္ဘာ" (၁၈၁၄၊ နောက်ဆုံးမူ ၁၈၅၉) စာအုပ်တွင် ဗုဒ္ဓဘာသာနှင့်တူညီသော အခြေခံလမ်းကြောင်းရှိသည့် သန့်သင်ချက်များကို ဖော်ထုတ်ရေးသားခဲ့ပေသည်။ ရှိပင်ဟော၏ ဘဝနောက်ပိုင်းတွင် အိန္ဒိယဗေဒပညာရှင်များက ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာဆိုင်ရာအကြောင်းအရာများကို ပိုမိုဖော်ထုတ်တင်ပြလာကြသောအခါ သူသည် သူ့ကိုယ်သူ ဗုဒ္ဓဘာသာအမည်ခံလိုက်ပြီး ဖရင့်ဖွတ်ရှိ သူ၏နေအိမ်တွင် ရွှေချထားသော တိဗက်ဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်ကိုးကွယ်လေသည်။ ရှိပင်ဟော၏ စာပေများသည် ဂရင်းအား စိတ်ဆွဲဆောင်မှုကြီးမားလှပေရာ သူသည်လည်း ဗုဒ္ဓဘာသာကို လက်ခံကိုးကွယ်၍ ဗုဒ္ဓဓမ္မဆိုင်ရာ စာအုပ်စာတမ်းများစွာကိုလည်း ရေးသားပြုစုလေသည်။ အထင်ရှားဆုံးမှာ မြတ်ဗုဒ္ဓ၏အယူဝါဒ "ကျိုးကြောင်းညီဘာသာတရားနှင့် ကမ္ဘာ့ဌာန်း" (၁၉၁၅)စာအုပ်ပင်ဖြစ်၍ ဘာသာများစွာနှင့် ပြန်ဆိုရပြီး အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေရပေသည်။

ဂျော့ဂရင်းက ပါဠိဘာသာကျမ်းစာများတွင် ပါရှိသမျှမှာ ဂေါတမမြတ်စွာဘုရားရှင်၏ မူရင်းနှုတ်ထွက်ပါဝစနများချည်း မဟုတ်သည်ကို သိမြင်သဘောပေါက်ခဲ့ပေသည်။ အထူးသဖြင့် အနတ္တဆိုင်ရာ ဟောကြားချက်နှင့် ပတ်သက်၍ ကာလကြာရှည်စွာက ပျောက်ကွယ်သွားသည့် ပုဂ္ဂလဝါဒီဂိုဏ်း အယူအဆနှင့် မခြားနားလှသော သူ၏စိတ်ကူးအမြင်များ ရှိပေသည်။ ဂရင်း

က ခန္ဓာငါးပါးတွင် တခုမျှ အတ္တမရှိခဲ့လျှင် အတ္တသည် အခြားတပါး၌ တွေ့နိုင်ဖွယ်ရှိသည်ဟု ဆိုလေသည်။ ထိုကြောင့် ပညာဖြင့် မထောက်မိနိုင်သော နာမ်ဝိညာဏကို ယုံကြည်လေသည်။ အစဉ်အလာ ထေရဝါဒဗုဒ္ဓဘာသာသည် ထိုအယူအဆကို လက်မခံပေ။

မာတင်စတိန်းကီ(၁၈၈၂-၁၉၆၆)သည် "ဗုဒ္ဓဩဝါဒခံ လူမှုအဖွဲ့"ကို ၁၉၂၂ ခုနှစ်တွင် ဘာလင်မြို့၌ ဖွဲ့စည်းထူထောင်ခဲ့ပေသည်။ စတိန်းကီသည် ၁၉၃၃ ခုနှစ် ဗုဒ္ဓဘာသာကို လေ့လာသင်ကြားရန် ဂျာမနီမှ တရုပ်ပြည်သို့ ထွက်ခွာသွားရောက်ပေသည်။ သူသည် နန်းကင်းအနီး ဆီဟီယာရှန်ကျောင်းတွင် တာအိုချွန်းဘွဲ့ခံ၍ ရဟန်းပြုလေသည်။ ဘာလင်သို့ ပြန်ကြွလာပြီးနောက် ၁၉၃၄ ခုနှစ်တွင် လန်ဒန်မြို့၌ကျင်းပသည့် ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံတွင် သဘာပတိအဖြစ် တင်မြှောက်ခြင်း ခံရပေသည်။ နောက်ပိုင်းတွင် "ဗုဒ္ဓဩဝါဒခံ လူမှုအဖွဲ့" သည် "ဗုဒ္ဓဘာသာ လူမှုအဖွဲ့" သို့ ပြောင်းလဲပေါ်ထွက်လာလေသည်။ သို့ရာတွင် အဖွဲ့၏လုပ်ငန်းရပ်များ အသီးအပွင့်မပေါ်မီ အမျိုးသားဆိုရှယ်လစ်တို့က ဆက်လက်မဆောင်ရွက်နိုင်အောင် တားမြစ်လိုက်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် စတိန်းကီသည် ဂျာမနီတောင်ပိုင်းတွင် အခြေချ၍ စာအုပ်များရေးသားခြင်း၊ ဗုဒ္ဓဘာသာအကြောင်းကို သင်ကြားပို့ချပေးခြင်းတို့ဖြင့် အသက်(၈၄)နှစ် ကွယ်လွန်သည်အထိ နေထိုင်သွားလေသည်။

စစ်ကြီးနှစ်ခု၏ အကြားကာလတွင် ပေါ်ထွက်လာသော အခြား ဗုဒ္ဓဘာသာအဖွဲ့မှာ "ဗုဒ္ဓဘာသာ သုတပညာအဖွဲ့" ပင် ဖြစ်ပေသည်။ ထိုအဖွဲ့သည် ၁၉၂၀ ခုနှစ်တွင် ဟိုက်ဒဲလ်ဘတ်မြို့၌ ပေါ်ထွက်လာခဲ့ပေသည်။ သို့ရာတွင် ကြာရှည်တည်တံ့ခြင်း မရှိခဲ့ပေ။

## ဒုတိယ ကမ္ဘာစစ်

နာဇီ စိုးမိုးရေးကာလ (၁၉၃၃ - ၄၅)နှင့် စစ်ပွဲများ ဖြစ်ပွားနေသည့် ကာလ (၁၉၃၉-၄၅) တွင် ဂျာမနီနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်တို့၏ ဘဝမှာ ကျဉ်းကျပ်နေခဲ့ရပေသည်။ အမျိုးသားဆိုရှယ်လစ်တို့သည် မည်သည့်ဘာသာရေးဆောင်ရွက်မှုကိုမျှ မလိုလားပေ။ မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာမီးတောက်ကလေးတခုမှာကား ဆက်လက်ထွန်းတောက်နေခဲ့ပေသေးသည်။ ဘာလင်တွင် ပေါလ်ဒါလ်ခေ၏ ဗုဒ္ဓဘာသာဂေဟာမှ ကတ်ဖစ်ရှာသည့် "ဗုဒ္ဓဘာသာလောကနှင့် အတွေးအခေါ်အမည်ရှိ အပတ်စဉ်စာစောင်ကို ထုတ်ဝေခဲ့ရာ ၁၉၄၂ ခုနှစ် သူကွယ်လွန်သည်အထိ ဖြစ်ပေသည်။ အူတင်မြို့တွင် ဂရင်းသည် သူ၏ဗုဒ္ဓဘာသာကျမ်းပြုစုမှုကို တိတ်ဆိတ်စွာ ဆောင်ရွက်နေခဲ့လေသည်။ အခြားဂျာမန်မြို့များတွင်မူ ဗုဒ္ဓဘာသာဝင်များသည် စစ်ကြီးစောစွာ ပြီးဆုံးမည့်ကာလကို မျှော်ရင်း ရှင်ကျန် တည်တံ့နိုင်ရေးအတွက် မြေလျှိုး နေကြရပေသည်။

သီရိလင်္ကာတွင် သီတင်းသုံးနေကြသော ဂျာမန်ရဟန်းတော်များလည်း စစ်ဒဏ်ခံကြရလေသည်။ ထိုပုဂ္ဂိုလ်များသည် ၁၉၄၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဒေရာဒွန်း၌ ဖမ်းဆီးထားခြင်း ခံကြရ၍ ၁၉၄၆ ခုနှစ်တွင်မှ သီရိလင်္ကာသို့ ပြန်ကြခွင့်ရရှိတော်မူကြပေသည်။

## ပြန်၍အသစ်စကြရခြင်း

ဂျာမနီ စစ်ရေးရှုံးနိမ့်ခြင်းဖြင့် ၁၉၄၅ ခုနှစ်တွင် နိဂုံးချုပ်ခဲ့ရသော ကြောက်မက်ဖွယ်စစ်ကာလများနှင့် တိုင်းပြည်တွင် ပျက်စီးဆုံးရှုံးခြင်းများသည် များစွာသော ဂျာမန်တို့အား ဘာသာရေးတွင် စိတ်ကိုဆောက်တည်နိုင်ရန် ဦးလှည့်စေခဲ့ပေသည်။ ၁၉၄၅ ခုနှစ် နောက်ပိုင်းတွင် ဝတ်တက်ကျောင်းများ

တွင် လူများ ပြွတ်သိပ်လာခဲ့ပေသည်။ မြို့ကြီး မြို့ငယ်များတွင် လေ့လာရေး အဖွဲ့များ မှိုလိုပေါက်လာခဲ့ပေသည်။ စစ်၏အဖျက်အဆီးကြားမှ ကြွင်းကျန်သောစာပေများ ခေါင်းပါးလျက်နှင့်ပင် ဗုဒ္ဓဓမ္မကို လေ့လာဆွေးနွေးကြပေသည်။ မကြာမီပင် ကွန်စတင်မြို့ ကာက်ဝဲလာ ထုတ်ဝေရေးတိုက် ပေါ်ပေါက်လာ၍ ဗုဒ္ဓဘာသာစာအုပ်များ ဆက်ကာဆက်ကာ ထုတ်ဝေရာ လူအများပင့် နိုင်ငံနှင့်အဝှန်း ဖတ်ရှုကြပေသည်။ ထိုစာစဉ်ကို "အာသောကစာစဉ်" ဟု အမည်ပေးထားရာ ယင်းစာစဉ်ကြောင့် ယနေ့ ဂျာမန်ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာအယူဝါဒကို ကနဦး စတင်နားကြားကြရခြင်း ဖြစ်ပေသည်။

၁၉၄၇ ခုနှစ်တွင် အာရှရဟန်းတော်ဖြစ်သော မြန်မာနိုင်ငံမှ အရှင်သုနန္ဒ ဂျာမနီနိုင်ငံသို့ ကြွရောက်သည့်အခါ ဗုဒ္ဓဘာသာကို စိတ်ဝင်စားမှုများ တိုးပွားလာခဲ့ပေသည်။ ထူးခြားသော ယင်းပုဂ္ဂိုလ်မြတ်သည် ဖန်ဝါသက်န်းကို ဝတ်ရုံ၍ သပိတ်ကိုလွယ်ကာ ရဟန်းဆောင်း ထီးတချောင်းနှင့် ဘာလင်၊ ဟမ်းဘတ်၊ ဒူဆဲလ်ဒေါ့ဖ်၊ ဖရင့်ဖွတ်၊ စတုဂတ်နှင့်မျူးနစ်မြို့များသို့ ကြွချီတော်မူရာတွင် လူအများက သဒ္ဓါတရား ဖြစ်ပေါ်ကြပေသည်။ ဆရာတော် တရားဟောကြားရာတွင် လူများ စုပြုံနားကြားကြရစေကာမူ အဘိဓမ္မာနှင့်ပတ်သက်သော ပြဿနာများကိုပင်လျှင် ကျေနပ်နှစ်သက်ကြပေသည်။

၁၉၄၇ ခုနှစ် နောက်ပိုင်းတွင် တပြည်လုံး၌ အနှံ့ပေါ်ပေါက်လာသော ဗုဒ္ဓဘာသာ အဖွဲ့ငယ်ကလေးများမှာ အစပထမတွင် တသီးတခြားစီ ဆောင်ရွက်ကြ၍ ဗုဒ္ဓဘာသာနိုင်ငံများနှင့်လည်း အဆက်အသွယ် မရှိကြပေ။ ထို့ကြောင့် ၁၉၄၈ ခုနှစ်တွင် သီရိလင်္ကာ မဟာဗောဓိအသင်းက မျူးနစ်ဗုဒ္ဓဘာသာဝင်အဖွဲ့ကို ယင်း၏အသင်းခွဲအဖြစ် အသိအမှတ်ပြုသောအခါ ဝမ်းမြောက်အားရ လက်ခံကြိုဆိုကြပေသည်။ ၁၉၄၉ ခုနှစ်မှစ၍ ရှေ့အဖို့တွင် မျူးနစ်အသင်းသည် သီရိလင်္ကာ မဟာဗောဓိအသင်း ဂျာမနီအသင်းခွဲ၏ အာဘော်ဖြစ်သော ဗုဒ္ဓဘာသာလစဉ်စာစောင်ကို ထုတ်ဝေနိုင်ခဲ့ပေသည်။ ထိုနောက်တွင် "အိန္ဒိယလောက" ဟု အမည်ပြောင်းခဲ့၍ ၁၉၅၃ ခုနှစ် ထုတ်ဝေမှု ရပ်စဲခဲ့လေသည်။

မျိုးနွယ်အဖွဲ့အား မဟာဗောဓိ အသင်းခွဲအဖြစ် အသိအမှတ်ပြုလိုက်ခြင်းဖြင့် အခြား ဗုဒ္ဓဘာသာ အဖွဲ့ငယ်များကလည်း အသင်းခွဲအဖြစ် အသိအမှတ်ပြုခံရရန် သိရှိလက်ခံသို့ ပန်ကြားကြလေသည်။ ၁၉၄၆ ခုနှစ်တွင် ထိုပန်ကြားချက်များစွာကို ခွင့်ပြု၍ ဘာလင်၊ ဖရင့်ဖွတ်၊ ဟမ်းဘတ်၊ ကီးအဲလ်၊ ကိုလုံး၊မိုးအား၊ စတုဂတ်နှင့် ကက်ဆဲလ်မြို့ အဖွဲ့ငယ်များမှာလည်း မဟာဗောဓိ အသင်းခွဲများ အဖြစ်သို့ ရောက်ရှိလာကြလေသည်။

မည်သို့ပင်ဖြစ်စေ ဂျာမန် ဗုဒ္ဓဘာသာအဖွဲ့အားလုံး ပါဝင်နိုင်သည်ကား မဟုတ်ပေ။ ၁၉၄၉ ခုနှစ်တွင် ဂျာမနီ အနောက်ပိုင်းတွင် ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံကို ထူထောင်၍ ဂျာမနီအလယ်ပိုင်းတွင် ဂုန်မြူနစ်တို့ အုပ်ချုပ်သော ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံကို ထူထောင် ခဲ့ကြပေသည်။ မကြာမီမှာပင် အရှေ့ဂျာမနီ အစိုးရ သဘောထားကြောင့် အရှေ့နှင့်အနောက် ဂျာမနီတို့ရှိ ဗုဒ္ဓဘာသာဝင်ချင်း ဆက်သွယ်မှုမှာ ခက်ခဲလာခဲ့ပေသည်။ ထို အကြောင်းနှင့် အရှေ့ဂျာမနီက ဘာသာရေး အပေါ်တွင် သဘောထားမှုတို့ အရ အရှေ့ဂျာမနီဖက်တွင် ဗုဒ္ဓဘာသာဆောင်ရွက်မှုများ တန့် သွားခဲ့ပေသည်။ အရှေ့ဂျာမနီတွင် ဗုဒ္ဓဘာသာကို အရေးထား၍ လေ့လာသော အဖွဲ့အစည်းမှာ ဟာလ်တက္ကသိုလ်ပင် ဖြစ်၍ ဗုဒ္ဓဘာသာကို မါ့ခ်စ်နှင့်ရုပ်ဝါဒအမြင်တို့ဖြင့် သုံးသပ် လေ့လာပေသည်။ ထို့ကြောင့် ဆက်လက် ဖော်ပြချက်များမှာ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံနှင့်သာ သက်ဆိုင်ပေသည်။

ဂျာမန် ပြည်ထောင်စု သမ္မတ နိုင်ငံရှိ ဗုဒ္ဓဘာသာဝင် အဖွဲ့ငယ်များ သိရှိလက်ခံ မဟာဗောဓိအသင်းတွင် စုစည်း ပါဝင်ကြခြင်းသည် ဂျာမန်ဗုဒ္ဓဘာသာတို့၏ စည်းလုံးမှုကို ရရှိစေခဲ့ပေသည်။ သို့ရာတွင် ဂျာမန် ဥပဒေအရ သီးခြား လွတ်လပ်သော ဘာသာရေး အဖွဲ့အစည်းအဖြစ် အသိအမှတ် မပြုနိုင်ပဲ ရှိရပေသည်။ ထို့ကြောင့် ၁၉၅၂ ခုနှစ်တွင် စတုဂတ်မြို့၌ အစည်းအဝေးကြီးတရပ် ကျင်းပ၍ ဂျာမနီနိုင်ငံ ဗုဒ္ဓဘာသာဝင် အဖွဲ့အစည်းကြီးကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြပေသည်။ သို့ရာတွင် ထိုအဖွဲ့ကြီးသည် အကောင် အထည် မပေါ်ခဲ့ပေရာ ၁၉၅၅ ခုနှစ်တွင် အဖွဲ့အစည်းသစ်တရပ်ကို ဖွဲ့စည်းကြ

ပြန်ပေသည်။ "ဂျာမန် ဗုဒ္ဓဘာသာအသင်း"ဟူ၍ ပေါ်ထွက် လာပေသည်။ ထိုအဖွဲ့သည် အဖွဲ့ချုပ်ဖြစ်၍ တဦးချင်းကို လက်မခံပဲ၊ အဖွဲ့လိုက် ဝင်ကြရပေသည်။ ၁၉၅၈ ခုနှစ်တွင် "ဂျာမန် ဗုဒ္ဓဘာသာ သမဂ္ဂ"အမည်သို့ ပြောင်းလဲခဲ့ရာ ယခုတိုင် တည်တံ့ပြီး ရည်ရွယ်ချက်များကို အောင်မြင်စွာ ဆောင်ရွက်လျက် ရှိပေသည်။ အဖွဲ့ရုံးချုပ်မှာ ဟမ်းဘတ်မြို့တွင် တည်ရှိပေသည်။

ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံတွင် အဖွဲ့ငယ်အသီးသီးမှ ထုတ်ဝေသော ဗုဒ္ဓဘာသာ သတင်းစဉ်များသည် ပြတ်လပ်သည် မရှိပေ။ ယခုအခါတွင် ဂျာမန်ဗုဒ္ဓဘာသာ စာစောင် (၆)စောင်ပင် ရှိနေပေသည်။ သက်တမ်းအရင့်ဆုံးမှာ "ပညာနှင့် စာရိတ္တ"စာစောင်ဖြစ်၍ သက်တမ်း ၁၈ နှစ်ရှိခဲ့ပြီး ဟမ်းဘတ်မှ ဒေါက်တာဒဲဘီစ်းက တည်းဖြတ် ထုတ်ဝေလေသည်။ ထိုပုဂ္ဂိုလ်သည် ဂျာမနီနိုင်ငံ ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းတွင် နှစ်ပေါင်း ၂၀ ကျော်မျှ တက်ကြွစွာ ဆောင်ရွက်နေသူ ဖြစ်ပေသည်။ စောင်ရေ အများဆုံး ထုတ်ဝေရသည့် စာစောင်မှာကား လက်လှည့်စက်ဖြင့် ရိုက်သော "ဗုဒ္ဓဘာသာ လစဉ်သတင်းလွှာ"ပင် ဖြစ်၍ ဟမ်းဘတ် ဗုဒ္ဓဘာသာအသင်းက ထုတ်ဝေလေသည်။ ဗုဒ္ဓဘာသာ လူမှုအဖွဲ့ဟောင်း အူတင်မြို့က ထုတ်ဝေသည့် "ယာန"စာစောင်ကို ကျောင်းဂရင်း၏ ဂိုဏ်းသားများက အဓိကအားဖြင့် ဖတ်ရှုကြပေသည်။

ဂျာမန်ဘာသာနှင့် ထုတ်ဝေသော ဗုဒ္ဓဘာသာ သတင်းစဉ်များအပြင် ဂျာမနီနိုင်ငံရှိ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းသူ စာဖတ်ပရိသတ်က လန်ဒန် ဗုဒ္ဓဘာသာအသင်း၏ ဂျာနယ်ဖြစ်သော "အလယ်လမ်း" စာစောင်နှင့် "စက္က" နှင့် "ဗောဓိရွက်"စာစဉ်တို့ကို ဖတ်ရှုကြပေသည်။ စာစဉ် နှစ်စောင်မှာ သီရိလင်္ကာနိုင်ငံက ကန္ဒီမြို့မှ အရှင်ဉာဏ ပုဏ္ဏိက တည်းဖြတ် ထုတ်ဝေသော စာစောင်များ ဖြစ်ပေသည်။ ဗုဒ္ဓဘာသာ အကြောင်းရပ်နှင့် ပတ်သက်၍ ဟောကြားချက် အသံသွင်းကြိုးခွေများကိုလည်း ဂျာမန် ဗုဒ္ဓဘာသာအသိုက်အဝန်းတွင် ကူးလူး ငှားရမ်း နာကြားကြပေသည်။

# ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ဗုဒ္ဓဘာသာ အဖွဲ့များနှင့် ဗဟို ဌာနများ

ယခုအခါတွင် ဗုဒ္ဓဘာသာအဖွဲ့များသည် အနောက်ဘာလင်၊ ဘွန်းမြို့၊ ဘရီမင်၊ ဖလင်းစဘတ်၊ ဖရန့်ဖွတ်၊ ဂီဆင်၊ ဟမ်းဘတ်၊ ဟင်နိုဗာ၊ ဟိုက်ဒဲလ်ဘတ်၊ မျူးနစ်၊ ရိန်းကင့်၊ စတုဝတ်၊ အူတင်၊ ဝီးစ်ဘာဒင်၊ ဝူးအာစ်ဘတ် မြို့များတွင် ရှိပေသည်။ မျူးနစ်အဖွဲ့မှာ နှစ်ပေါင်း များစွာပင် တက်ကြွစွာဦးဆောင်ခဲ့၍ ယခုအခါ (၁၉၅၄ ခုနှစ်တွင် တည်ထောင်သော)ဟမ်းဘတ်အဖွဲ့က ပထမနေရာကို ယူခဲ့ပေသည်။ ၁၉၆၁ ခုနှစ်တွင် ဟမ်းဘတ်အဖွဲ့ဝင်များသည် ဟမ်းဘတ်အရှေ့ဘက် မိုင် (၃၀)အကွာ ရို့စဘတ် ရေအိုင်တွင် ပန်းခြံကြီးနှင့်တကွ အိမ်ကြီးတလုံးကို ဝယ်ယူနိုင်ခဲ့ပြီး၊ ၁၉၆၂ ခုနှစ်မှ စ၍ "ဆိတ်ငြိမ်ဂေဟာ" အမည်ဖြင့် ဖွင့်လှစ်ခဲ့၍ ဂျာမန် ဗုဒ္ဓဘာသာ အသင်းအဖွဲ့ဟူသမျှ ကြီးငယ် အဆင့်အတန်းမရွေး တွေ့ဆုံရာဌာန ဖြစ်လာခဲ့ပြီး ဂျာမနီနိုင်ငံတွင် ပထမဆုံးသော ကမ္မဋ္ဌာန်းရိပ်သာလည်း ဖြစ်ပေသည်။

ထိုဂေဟာကို ယင်းအတွက် ၁၉၅၉ ခုနှစ်တွင် ဖွဲ့စည်းသော ဂေါပကအဖွဲ့က ထိန်းသိမ်း စောင့်ရှောက်ထားပေသည်။ နှစ်ကာလ အတန်ကြာရှည်စွာပင် ဂျာမန်ဘုန်းတော်ကြီး အရှင် ဝိမလဘိက္ခုက ကမ္မဋ္ဌာန်း ပြခဲ့ပေသည်။ ထိုရဟန်းတော်သည် ယခုအခါ ထိုင်းနိုင်ငံတွင် သီတင်းသုံးတော် မူလေသည်။ ယခုအခါတွင် ထိုင်းနိုင်ငံမှ အရှင်ပုညက ကမ္မဋ္ဌာန်း ပြပေသည်။ တနှစ်ပတ်လုံး ဗုဒ္ဓဘာသာ တရားပွဲများ ကျင်းပခဲ့ရာ ယခုအထိ အကြိမ် ၁၂၀ ကျော်ခဲ့ပေပြီ။

အခြားထင်ရှားသော ဗုဒ္ဓဘာသာအချက်အချာဌာနမှာ ၁၉၂၄ ခုနှစ်က ဘာလင်ဖရိုနောတွင် ပေါလ်ဒါလ်ခေ တည်ထောင်ခဲ့သည့် "ဗုဒ္ဓဘာသာဂေဟာ"ပင် ဖြစ်လေသည်။ ထိုဂေဟာသည် ဒုတိယကမ္ဘာစစ်အတွင်းက ယိုယွင်း ပျက်စီးသော အခြေအနေတွင် ကျန်ခဲ့၍ တပိုင်းစီဖျက်ပြီး လေလံပစ်

ရတော့မည့်အခြေတွင် ဂျာမန်ဗုဒ္ဓဘာသာဝင်တဦးထံမှ အလှူငွေမြောက်မြားစွာ အမွေဆက်ခံရရှိလိုက်သော ဂျာမန် ဓမ္မဒူတအသင်း (သီရိလင်္ကာ အသင်းဖြစ်၍ ၁၉၅၂ ခုနှစ်တွင် တည်ထောင်သည်။) က ဝင်ရောက် ကူညီ ပေးခဲ့ပေသည်။ ဂျာမန် ဓမ္မဒူတအသင်းသည် ၁၉၅၈ ခုနှစ်တွင် တိုက်တလုံးကို ဝယ်ယူပြုပြင်ကာ အဆောင်အခန်းများ တိုးချဲ့ပြီး ကောင်းမွန်သော စာကြည့်တိုက်ပါ ထူထောင်ထားခဲ့ပေသည်။ သီရိလင်္ကာ ရဟန်းတော်တပါး သီတင်းသုံး စောင့်ရှောက်၍ ကမ္မဋ္ဌာန်းနည်းပြခြင်း၊ ပါဠိဓမ္မ ဟောပြောခြင်းများကို မှန်မှန် ဆောင်ရွက်ခဲ့ပေသည်။ ယခုအခါတွင် (၁၉၆၆ ခုနှစ်မှစ၍) အရှင်သီရိဂဏ ဝိမလမဟာထေရ်က အရှင်ဦးဝိဒယာယသောမ ပဟာထေရ်၏ အကူအညီဖြင့် သွန်သင်ညွှန်ပြလျက် ရှိပေသည်။ ထိုဂေဟာသည် အနောက်ဘာလင်တွင် ရှိသော်လည်း တောင်နှင့်မြောက် ပိုင်နှစ်ဆယ်ရှည်လျား၍ ဂိုင်းခြားထားသော မြို့တော်၏ မြောက်ဘက်စွန်တွင် တည်ရှိသဖြင့် သွားလာမှုမလွယ်ကူလှပေ။

ထေရဝါဒအဖွဲ့အမျိုးမျိုး တည်ရှိရာ အနောက်ဘာလင်တွင် မဟာယာန အဖွဲ့ ၂ ဖွဲ့အတွက် ဌာနများ ဖွင့်လှစ်ထားပေသည်။ အရိယ မိတ္တေယျ မဏ္ဍလကို ၁၉၅၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံနှင့် ဂျာမနီနိုင်ငံတွင် တပြိုင်တည်း ဖွင့်လှစ်ခဲ့၍ အနောက်ဘာလင်တွင် ဌာနခွဲတခုယား ရှိပေသည်။ ထို ဌာနတွင် ဘာသာရေးခေါင်းဆောင်မှာ အရှင်လာမာအနာဂါရိကဂေါဝိန္ဒ (၁၈၉၈ခုနှစ်ဖွား) ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည် ဇာတိအားဖြင့် ဂျာမန် အမျိုးသားဖြစ်၍ ၁၉၂၈ ခုနှစ်တွင် ဗုဒ္ဓဘာသာဝင်ကာ အိုးအိမ် မထူထောင်ပဲ လှည့်လည်နေခဲ့သည်။ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မဟာယာန ဗောဓိသတ္တ အယူအဆကို ပေါင်းစပ် ခံယူထားသူ ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည် ၁၉၄၇ ခုနှစ်တွင် တိဗက် ထောက်ချာနီ ဆောင်းကာ ဂယွတ်ပ ရဟန်းဂိုဏ်းသို့ဝင်၍ ထေရဝါဒ၊ မဟာယာနနှင့် တိဗက်ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များကို ရေးသား ထုတ်ဝေခဲ့ပေသည်။ သူ၏ "တိဗက် အဘိဓမ္မာ၏ အခြေခံ" (၁၉၅၇) မှာ မဟာယာန အဖွဲ့ဝင်များအတွက် ပိုတိုကျဉ်းကျဉ်းနှင့် လမ်းညွှန်စာအုပ် ဖြစ်ပေသည်။ ထို အဖွဲ့သည် ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံတွင်သာမက ဥရောပ တခွင်နှင့်

အမေရိကတိုက်တွင်ပါ အဖွဲ့ဝင်များ စည်းရုံးနိုင်ခဲ့ပေသည်။ ထို အဖွဲ့သည် မဟာယာနဂိုဏ်း ဗောဓိသတ္တ ဘုရားလောင်း အယူအဆကို အခြေခံ၍ မန္တရား များကို နေ့ရာတကျ ရွတ်ဖတ်ရေးကို အလေးထားပေသည်။ သို့ရာတွင် ထို မန္တရားတို့ကို ပဉ္စလက်မှော်သဘောမျိုး မမှတ်ယူပဲ၊ စိတ်ဝိညာဏ်ကို လွတ် မြောက်မှု သစ္စာတရား အမြင်ပေါက်အောင် ဖွင့်လှစ်ပေးနိုင်မည့် စိတ်လှုံ့ ဆော်မှု ဆေးဝါးသဖွယ် သဘောထားပေသည်။

ဒုတိယ မဟာယာနအဖွဲ့မှာလည်း အနောက်ဘာလင်ကို အခြေပြုထား ၍ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံတွင် အဖွဲ့ဝင်များရှိပြီး ဂျပန် ဗုဒ္ဓဘာ သာ ဂိုဏ်းခွဲတခုဖြစ်သော (ဗုဒ္ဓဘာသာ ဟုန်ဝန်ဂျီအဖွဲ့)ဂျိုဒိုရှင်ရှုဗုဒ္ဓဘာသာ အဖွဲ့ဝင်တခု ဖြစ်ပေသည်။ ထိုအဖွဲ့ဝင်များသည် အမိဒ (အမိတာဘ) ဗုဒ္ဓကို ကယ် တင်ရှင်အဖြစ် ကိုးကွယ်ကြပေသည်။ အမိဒအရှင်သည် အရှင်၏ အမည်တော် ကို ဖော်ကြူး တိုင်တည်သူအား အရှင်၏ အနောက်တိုင်း သုခဝတီဘုံ၌ ဘဝ သစ် ဖွားမြောက်ခွင့် ပေးတော်မူသည်။ ထိုဘုံတွင် မိမိတို့ အကျင့်တရားကို ချမ်းသာစွာ ဖြည့်ဆည်း ပွားများ၍ ပါရမီရင့်ကာ နိဗ္ဗာန်သို့ နောက်ဆုံး ဝင် နိုင်သည်ဟု ယူဆပေသည်။

# ဂျာမန်ဗုဒ္ဓဘာသာဝင် များနှင့် အာရှဗုဒ္ဓသာသနာပြုလုပ်ငန်း

ယခုအခါတွင် ဂျာမန်ရဟန်းတော် အပါး ၂၀ ခန့်ရှိ၍ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံများရှိ ကျောင်းများတွင် သီတင်းသုံးလျက် ရှိကြပေသည်။ ရဟန်းတော်အချို့မှာ အာရှတက္ကသိုလ်များတွင် ဒဿနပညာနှင့်ဘာသာစကားကို သင်ကြား လေ့လာလျက်ရှိ၍ အချို့မှာ တက္ကသိုလ်ဘွဲ့များပင် ရရှိကြပြီး ဖြစ်ပေသည်။

များသောအားဖြင့် ဂျာမန် ဗုဒ္ဓဘာသာဝင်များမှာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပေသည်၊ အရေအတွက်မှာ ၂၀၀၀ မှ ၃၀၀၀ အကြားရှိမည်ဟု ခန့်မှန်းရပေသည်။ မဟာယာနဂိုဏ်းဝင် ၂၀၀ နှင့် ဂျိုဒိုရှင်ရှူဂိုဏ်းဝင် ၂၅ ဦးခန့် ရှိပေသည်။ ယခုအထိ ဇင်ဗုဒ္ဓဘာသာ ဂိုဏ်းသက်သက်ကို ဝင်ရောက်သောအဖွဲ့ မရှိသေးပေ။ သို့ရာတွင် ဇင်စာအုပ် များသည် စာဖတ်ပရိသတ်တို့ အတော် ပျံ့နှံ့ပေသည်။

ဗုဒ္ဓဘာသာကို ခံယူသော ဂျာမန် ဗုဒ္ဓဘာသာဝင် ဦးရေမှာ များပြားလှခြင်း မရှိသော်လည်း ဗုဒ္ဓဓမ္မကို စိတ်ဝင်စားကြသော သူများမှာ ဂျာမနီနိုင်ငံတွင် များပြားလှ၍ ၂၀၀၀၀ ထက် ကျော်လွန်ဖွယ် ရှိပေသည်။ ဤကိန်းဂဏန်းကို ပထမအားဖြင့် ထုတ်ဝေသော ဗုဒ္ဓဘာသာကျမ်းစာ ရောင်းချရသည့် စောင်ရေမှလည်းကောင်း၊ ဒုတိယအားဖြင့် သက်ကြီးသင်တန်းများ၌ ဗုဒ္ဓဓမ္မဟောပြောပွဲများသို့ တက်ရောက်ကြသော ပရိသတ် အရေအတွက်မှရင်း ရရှိပေသည်။

အာရှဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများသည် အနောက်တိုင်းတွင် အောင်မြင်ပါသလော။ အဖြေကို အောင်မြင်သည်လည်း ရှိသည်။ မအောင်မြင်သည်လည်း ရှိသည်ဟူ၍ ဖြေဆိုရပေမည်။

ဘာသာဝင်များ ရရှိရေးနှင့် ပတ်သက်၍ ဆောင်ရွက်မှုမှာကား များစွာ မအောင်မြင်လှပေ။ ဥရောပတိုက်သားများ ရေးသားသော ဗုဒ္ဓဘာသာကျမ်း စာများ၊ သာဓကအားဖြင့် အိုလ်ဒင်ဘတ်၊ ဆေဒင်စတုကာ၊ ဒါလ်ခေနှင့် ဗွန် ဂလက်ဆင်နက်ပ်တို့၏ ကျမ်းများသည် အာရှ သာသနာပြုအဖွဲ့များ စုစုပေါင်း ဆောင်ရွက်မှုထက် အနောက်နိုင်ငံသားများကို ဦးဆောင်မှု ပေးနိုင်ခဲ့ပေသည်။ အနောက်နိုင်ငံတွင် ဗုဒ္ဓဘာသာသို့ သိမ်းသွင်းမှုမှ သာမန် ဟောပြောသူထက် ပညာရှင်များက ပိုမို ရွက်ဆောင်နိုင်စွမ်း ရှိခဲ့ပေသည်။

ဤအချက်မှာ အနောက်နိုင်ငံသားတဦးသည် မည်သို့မည်ပုံ ဗုဒ္ဓဘာသာ ဝင် ဖြစ်လာသည်ဟူသောအချက်ကို စိစစ်မှသာ နားလည်နိုင်သည့်အရာ ဖြစ် ပေသည်။ သူသည် ဗုဒ္ဓဓမ္မကို ကလေးဘဝက မိဘများထံမှ ခံယူလာခဲ့သည် မဟုတ်ပေ။ သူ၏ ဆယ်ကျော်သက် သို့မဟုတ် နှစ်ဆယ်ကျော် အရွယ်ရောက်မှ သူ၏ ပတ်ဝန်းကျင် လူမှုအသိုက်အဝန်းတွင် တည်သော ဘာသာရေး ယုံကြည် မှုများအပေါ် မကျေနပ်၍ဖြစ်စေ၊ ဆန့်ကျင်၍ဖြစ်စေ သဘောထားလာသည့် အခါတွင်မှ ဗုဒ္ဓဘာသာဖက်သို့ စိတ်ညွတ်လာကြခြင်း ဖြစ်ပေသည်။ ဥရောပ တိုက်တွင် လူတဦးတယောက်အား ဗုဒ္ဓဘာသာကို ကြည်ညို ညွတ်တွားမိ အောင် ဆွဲဆောင်နိုင်စွမ်းသော ဘုရား၊ ပုထိုး၊ ကျောင်းကန် အဆောက်အဦ များ မရှိပေ။ အနောက်နိုင်ငံသားသည် ဗုဒ္ဓဓမ္မကို အသိပညာဖြင့် ချဉ်းကပ် ပေလိမ့်မည်။ အကျိုးဆက်အားဖြင့် သူသည် ဝတ်ပြုပူဇော်မှုအပိုင်း ကဏ္ဍထက် ဒဿနတရား ကိုယ်အနှစ်သာရကို ထုတ်ယူခံစားပေလိမ့်မည်။ ပူဇော်သက္ကာပွဲမျိုး ကို ရွက်ဆောင်လိမ့်မည် မဟုတ်ပေ။ သူ၏ ဗုဒ္ဓဘာသာသည် ဘာသာပြန် ဗုဒ္ဓ ကျမ်းစာများဖြင့် ရှင်သန် ဖွံ့ဖြိုးရသည်ဖြစ်၍ အများအားဖြင့် လူသားတို့၏ သမာဓိ အားနည်းမှုနှင့် ကိလေသာ အညစ်အကြေးများ အကြား၌ မတည် ရှိနိုင်သော ဝိသုဒ္ဓိ စင်ကြယ်မှုဖြင့် ပြီးသည့် ဗုဒ္ဓဘာသာဖြစ်သော စံတင် လောက်သည့် ဗုဒ္ဓဘာသာမျိုးကို မြတ်နိုးပေမည်။

အခြားရှုထောင့်မှကြည့်လျှင် အာရှ ဗုဒ္ဓဘာသာ သာသနာပြုမှုသည် အောင်မြင်သည်ဟု ဆိုရပေမည်။ အာရှတိုက် အထူးသဖြင့် အခက်အခဲတွေ့ရသည့်

ကာလများတွင် သီရိလင်္ကာနိုင်ငံက သီးခြားပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအလိုက် ကူညီမှုများသည် ဂျာမနီနိုင်ငံတွင် သမိုင်းဖြစ်ရပ် မှန်တိုင်းများကြောင့် ငြိမ်းလုလု သာသနာမီးတောက်ကို ဆက်လက်ထိန်လင်းအောင် ထိန်းသိမ်းနိုင်စေခဲ့ပေသည်။ ဂျာမန်ဗုဒ္ဓဘာသာဝင်များသည် ၎င်းကျေးဇူးကို လေးနက်စွာ အမှတ်ရလျက် ရှိပေသည်။

စိစစ်ပြီး
PRESS SCRUTINY
REGISTRATION